ငြိမ်းချမ်းရေးဖြစ်စဉ် ရက်စွဲစဉ်မှတ်တမ်း
အတွဲ(၂)၊ အမှတ်(၁)၊ ဇန်နဝါရီ ၂၀၁၇
Burma Monitor

Burma Monitor
Research & Monitoring

## လက်နက်ကိုင် ပဋိပက္ခ

- **ကချင်ပြည်နယ်**

ဒီဇင်ဘာလ(၂၈)ရက်နေ့တွင် ကချင်ပြည် KIA တပ်မဟာ(၂) ၊ တပ်ရင်း (၁၄) ပတ်ဝန်းကျင်၊တပ်မဟာ(၃) ၊တပ်ရင်း(၁၂ နှင့် ၂၇) ပတ်ဝန်းကျင်၊ လွယ်ဂျောင်ဘွမ်ပတ်ဝန်းကျင်သို့ မြန်မာ့တပ်မတော်မှ  ထိုးစစ်ဆင် တိုက်ခိုက်မှုများ ပြုလုပ်ခဲ့သည် ဟု မြောက်ပိုင်းမဟာမိတ်အဖွဲ့မှ သတင်းထုတ်ပြန်ခဲ့သည်။ (TNLA) (NAB)

ဒီဇင်ဘာ ၂၈ ရက်တွင် နမ္မတီးမြို့အနီး လီဒိုလမ်းမပေါ်၌ မြန်မာ့တပ်မတော်နှင့် ကချင်လွတ်မြောက်ရေး တပ်မတော် (KIA) တို့ ၆နာရီခွဲမှ ၇ နာရီ ၁၅ မိနစ်အထိ၊ ၈ နာရီ ၄၅ မိနစ်မှ ၁၂ နာရီထိ တိုက်ပွဲများဖြစ်ပွားခဲ့သည်။ တိုက်ပွဲကြောင့်အရပ်သားနှစ်ဦး ဒဏ်ရာ ရရှိခဲ့ပြီး၊ ဒဏ်ရာရရှိသူများအား သွားရောက် ကယ်ဆယ်သော နှစ်ဦးလည်း ပျောက်ဆုံးနေကြောင်း နမ္မတီးမြို့ ကုသိုလ်ဖြစ် လူမှုကူညီရေးအသင်းမှ ဦးဝင်းဗိုလ်က ပြောခဲ့သည်။ (Eleven) (RFA)

ဒီဇင်ဘာ(၂၉)ရက်နေ့တွင် ကချင်ပြည်နယ် မံစီမြို့နယ် မန်ဝင်းကြီး အနီး ကေအိုင်အေ တပ်မဟာ(၂)နယ်မြေ နှင့် တပ်မဟာ (၃) ရှိ တပ်စခန်းများသို့ မြန်မာ့တပ်မတော်မှ ဂျက်လေယာဉ်သုံးစီးဖြင့် ခြောက်ကြိမ်တိုင်တိုင် ဗုံးကြဲ တိုက်ခိုက်ခဲ့ပြီး  ခြေလျင်တပ်၊ အမြောက်တပ်များ ဖြင့်ပါ ပစ်ခတ်ခဲ့ကြောင်းနှင့် ထိုသို့ ပစ်ခတ်မှုများကြောင့် အရပ်သား သေဆုံးသူနှင့် ဒဏ်ရာရရှိသူများလည်း ရှိကြောင်း မြောက်ပိုင်းမဟာမိတ်အဖွဲ့ မှ သတင်းထုတ်ပြန်ခဲ့သည်။  (TNLA) (NAB) (Kachin Waves) (TheArakanArmy)

ဒီဇင်ဘာလ(၃၀)ရက်၊ မနက်တွင် ကချင်ပြည်နယ်၊ တနိုင်းမြို့နယ်၊ ရှဒူဇွပ်ကျေးရွာရှိ နယ်မြေခံ နောက်တန်းတပ်ဌာနချုပ်အား ကချင်လွတ်မြောက်ရေးတပ်မတော် (KIA)မှ အင်အား ၇၀ ခန့် ဖြင့် နေရာ ၃ နေရာတွင် ၃ ကြိမ်တိုင် လက်နက်ကြီး၊ လက်နက်ငယ်များဖြင့်လည်း လာရောက်ပစ်ခတ်ခဲ့သဖြင့် တိုက်ပွဲဖြစ်ပွားခဲ့ကာ တပ်မတော်ဘက်မှ  ၂ ဦး ကျဆုံးခဲ့သည်ဟု ကာကွယ်ရေးဦးစီးချုပ်ရုံးမှ သတင်းထုတ်ပြန်ခဲ့သည်။ နေ့လည် (၁၂)နာရီ (၃၀) မိနစ်တွင် ပြည်ထောင်စုလမ်းမ၊ "နမ့်ဖတ်ကာ" နှင့် "နမ့်ဖလွန်"အကြား မြန်မာ့တပ်မတော်နှင့် KIA တို့ တိုက်ပွဲဖြစ်ပွားခဲ့ပြီး တပ်မတော်ဘက်မှ လက်နက်ကြီးများဖြင့် တိုက်ခိုက်မှုကြောင့် ကားမောင်းသမား(၁)ဦးနှင့် အရပ်သားအမျိုးသမီး(၁)ဦးထိမှန်ခဲ့သည်ဟု မြောက်ပိုင်းမဟာမိတ်အဖွဲ့မှ သတင်းထုတ်ပြန်ခဲ့သည်။ (NAB) (DVB) (TheArakanArmy) (7day) (TNLA) (Military)

ဇန်နဝါရီလ ၂ ရက်နေ့တွင် "လွယ်ဂျောင်ဘွမ်"  နှင့် "တာဂူဒီး"၌ ကချင်လွတ်မြောက်ရေးတပ်မတော် (KIA) နှင့် မြန်မာ့တပ်မတော်တို့ တိုက်ပွဲဖြစ်ပွားခဲ့သည်။  နံနက် (၉)နာရီ (၃၀) မိနစ်မှ နေ့လည် (၁၂) နာရီခန့်အထိ တာဂူဒီးတွင် တိုက်ပွဲများ ပြင်းထန်ခဲ့ပြီး လွယ်ဂျောင်ဘွမ်အား မြန်မာ့တပ်မတော်မှ ထိုးစစ်ဆင်ခဲ့ကြောင်း မြောက်ပိုင်းမဟာမိတ်တပ်မတော် သတင်းနှင့်ပြန်ကြားရေးဖြစ်သော ဖေ့ဘုတ်လူမှုကွန်ယက်စာမျက်နှာမှ တဆင့်ဖော်ပြခဲ့သည်။ (NAB) (TheArakanArmy)

ဇန်နဝါရီလ ၄ ရက်နေ့တွင် တပ်မတော်စစ်ကြောင်းများမှ ကချင်လွတ်မြောက်ရေးတပ်မတော် (KIA) ၏ အဓိကစခန်းများအား လက်နက်ကြီးများဖြင့် ပစ်ခတ်ခဲ့ပြီး နံနက် ၁၀ နာရီခွဲတွင် ခန့်မှန်းမြေပုံညွှန်း(LG-၃၈၇၂၆၄) (C4) တောင်ကုန်းအား လည်းကောင်း၊ ၁၁ နာရီခွဲတွင် တောင်ကုန်းအား ခန့်မှန်းမြေပုံညွှန်း(LG-၃၈၆၂၆၂) (C3) လည်းကောင်း၊ ညနေ၄ နာရီခွဲ တွင် ခန့်မှန်းမြေပုံညွှန်း(LG -၃၇၃၂၆၃) (C1) တောင်ကုန်းအား လည်းကောင်း၊ ညနေ ၆ နာရီတွင်ခန့်မှန်းမြေပုံညွှန်း(LG-၃၇၅၂၆၂) (C2) တောင်ကုန်းအား လည်းကောင်း သိမ်းပိုက်ရရှိခဲ့သည်ဟု တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံးမှ သတင်းထုတ်ပြန်ခဲ့သည်။ (Military) (mmtime) (RFA) (MilitaryEng) (7day) (Eleven)

- **ရှမ်းပြည်နယ်**

ဒီဇင်ဘာလ(၃၁)ရက်နေ့တွင် ရှမ်းပြည်မြောက်ပိုင်း သီပေါမြို့နယ်တွင်ရှိသည့် ရှမ်းပြည်တိုးတက်ရေးပါတီ/ရှမ်းပြည်တပ်မတော် (SSPP/SSA) မြောက်ပိုင်းဌာနချုပ်ဟောင်းဖြစ်သည့် စိန်ကျော့ဒေသ၏ တောင်ဘက် ဆောင်ကျဲအနီးသို့ တပ်မတော်ဘက်မှ လက်နက်ကြီးဖြင့် ပစ်ခတ်ခဲ့သဖြင့် (SSPP/SSA)နှင့် မြန်မာ့တပ်မတော်တို့အကြား တိုက်ပွဲဖြစ်ပွားခဲ့သည်။ (BBC) (VOA) (RFA)

ဇန်နဝါရီ ၁ရက်နေ့ မနက်ပိုင်းတွင် စိန်ကျော့ပြည်သူ့စစ်နယ်မြေ ဖြစ်သောရှမ်းပြည်နယ် မိုင်းရှူးမြို့နယ် အတွင်း ရတနာမြေအနီး ဆိုင်းလျန်ဒေသတွင်း၌ ရှမ်းပြည်တပ်မတော် မြောက်ပိုင်း SSPP/SSAနှင့် မြန်မာ့တပ်မတော်တို့ တိုက်ပွဲဖြစ်ပွားခဲ့သည်။ တိုက်ပွဲသည် မနက် ၈နာရီမှစတင်၍ နေ့လည် ၁၁နာရီခွဲခန့်အထိ ဖြစ်ပွားခဲ့ပြီး တိုက်ပွဲကြောင့် နှစ်ဘက်ထိခိုက်သေဆုံးမှုများ ရှိခဲ့သည်။ (RFA) (BBC) (VOA) (Eleven) (NAB) (Eleven) (TheArakanArmy) (Irrawaddy)

ဇန်နဝါရီလ ၁ ရက်နေ့ ညနေပိုင်းတွင် သျှမ်းပြည်မြောက်ပိုင်း တန့်ယန်းမြို့အတွင်း ပူးတွဲ တပ်စခန်း၌ မြန်မာ့တပ်မတော်၏ စစ်သားများမှ လားဟူပြည်သူ့စစ်အမျိုးသားနှစ်ဦးအား သေနတ်ဖြင့် ပတ်ခတ်ခဲ့ရာ ပွဲချင်းပြီး သေဆုံးခဲ့သည်။ ထို့နောက် လားဟူပြည်သူ့စစ် အမျိုးသား တဦးမှာ ပြန်လည်ခုခံခဲ့သဖြင့် အပြန်အလှန်ပစ်ခတ်မှု တနာရီခန့် ဖြစ်ပွားခဲ့ပြီး မြန်မာ့တပ်မတော်မှ စစ်သား တဦးသေဆုံးခဲ့ပြီး၊ တဦးဒဏ်ရာရရှိခဲ့သည်။ (PangLong)

ဇန်နဝါရီလ၃ရက်နေ့၊ နေ့လည် ၁ နာရီခွဲခန့် တွင် လွိုင်လင်မြို့နယ် နောင်လိုင်ကျေးရွာအုပ်စုလုံခင်ကျေးရွာ၌ ရှမ်းပြည်ပြန်လည်ထူထောင်ရေး ကော်မတီ/ရှမ်းပြည်တောင်ပိုင်းတပ်မတော် (RCSS/SSA) နှင့် မြန်မာ့တပ်မတော်-၂၉၂ တပ်ရင်းနှင့် ခမရ-၃၃၂ တပ်ရင်းမှ ပူးပေါင်း အင်အား (၈၈) ဦးရှိ တပ်မတော်စစ်ကြောင်းတို့ တိုက်ပွဲဖြစ်ပွားခဲ့ပြီး တိုက်ပွဲတွင် RCSS/SSA ဘက်မှ တပ်သားတဦး သေဆုံးခဲ့သည်။ (BBC) (Taifreedom)

ဇန်နဝါရီလ ၆ ရက်နေ့ မနက်ပိုင်းတွင်ရှမ်းပြည်နယ် မိုင်းပျဉ်းမြို့နယ်အတွင်း မြန်မာတပ်မတော်နှင့် ရှမ်းပြည် ပြန်လည်ထူထောင်ရေး ကော်မတီ/ရှမ်းပြည်တောင်ပိုင်းတပ်ဖွဲ့ (RCSS/SSA)တို့ တိုက်ပွဲ၂ကြိမ်ဖြစ်ပွားခဲ့သည်ဟု RCSS/SSA၏ ဒုဗိုလ်မှူးကြီး စိုင်းဦးမှပြောခဲ့သည်။ (BBC)

ဇန်နဝါရီ ၆ ရက်နေ့ နံနက် ၆ နာရီတွင် ရှမ်းပြည်နယ်မြောက်ပိုင်း ကျောက်မဲခရိုင် မိုင်းလုံမြို့နယ်ခွဲ ပန်ဝိုးအုပ်စု နမ့်ခွန်ကျေးရွာအတွင်း မြန်မာ့တပ်မတော်နှင့် တအန်းအမျိုးသားလွတ်မြောက်ရေးတပ်မတော် (TNLA)တို့တစ်နာရီကျော်ကြာ တိုက်ပွဲပြင်းထန်စွာဖြစ်ပွားခဲ့သည်။ တိုက်ပွဲကြောင့် နမ့်ခွန်ရွာသူ ၂ဦး ထိခိုက်ဒဏ်ရာ ရရှိကာ အသစ်ဆောက်လုပ်ထားသည့် ဘုန်းကြီးကျောင်းလည်း ပျက်စီးသွားခဲ့ကြောင်း နမ့်ခွန်ရွာ သက်တော် ၆၀ ရှိပြီဖြစ်သည့် ကျောင်းထိုင်ဆရာတော် ဦးအာသုစေရမှပြောခဲ့သည်။**"တိုက်ပွဲက မနက် ၆ နာရီကနေ ၇ နာရီ အထိဖြစ်တယ်။ တိုက်ပွဲမှာ လူနှစ်ယောက်ထိတယ်။ ဘုန်းကြီးကျောင်းပေါ်လည်း လက်နက်ကြီးကျပြီးတော့ ပျက်စီးသွားတယ်။ ရွာထဲမှာ လက်နက်ကြီး အလုံး ၃၀ လောက်ရွာထဲကျတယ်။ သေနတ်တွေကတော့ မရေတွက်နိုင်တော့ဘူး။ ရွာကလူတွေကတော့ ကိုယ်လွတ်ရာ ပြေးရတယ်။"** ဟု ဆရာတော်မှ မိန့်ကြားသည်။ (Marnagar) (RFA)

၂၀၁၈ ခုနှစ် ဇန်နဝါရီလ ၇ ရက်နေ့နေ့လည် ၂ နာရီခွဲတွင် ကျေးသီး မြို့နယ် ဝမ်ချင်အုပ်စု ကုန်းဆာကျေးရွာ အနောက်ဘက်ခြမ်း နမ့်ဆိုင်တောင်ဘက်၌ မြန်မာတပ်မတော် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် (တောင်ကြီးမြို့) လက်အောက်ခံ တုံလောအခြေစိုက် တပ်မတော် ခြေလျင်တပ်ရင်းအမှတ် (၁၃၁) တပ်ရင်းမှ အင်အား ၄၀ ကျော်နှင့် သျှမ်းပြည်တပ်မတော် (RCSS/SSA)တို့ နာရီဝက်ကျော်ကြာတိုက်ပွဲဖြစ်ပွားခဲ့သည်။ (TaiFreedom)

- **ကရင်ပြည်နယ်**

ဇန်နဝါရီလ ၆ ရက်နေ့တွင် ကရင်ပြည်နယ်၊ လှိုင်းဘွဲ့မြို့နယ် မဲသဝေါဒေသဘက်နှင့် ဟတ်ကြီးရေကာတာအနီး၌ မြန်မာ့တပ်မတော်၊ နယ်ခြားစောင့်တပ် (BGF)၊ KNU ကရင်အမျိုးသားအစည်းအရုံးမှတပ်အပါအဝင် တပ်၃ဖွဲ့ပူးပေါင်း၍ တိုးတက်သောဗုဒ္ဓဘာသာ ကရင်အမျိုးသားတပ်မတော် (DKBA) အားထိုးစစ်ဆင်လက်နက်ကြီးနှင့် ပစ်ခတ်မှုကြောင့် တိုက်ပွဲတွေ ဆက်တိုက်ဖြစ်ပွားနေသည်ဟု (DKBA) ကလိုထူးလားတပ်မဟာ ဒုတိယစစ်ဦးချုပ် ဗိုလ်ဘိ မှပြောခဲ့သည်။ (VOA)

## လူ့အခွင့်အရေးချိုးဖောက်မှု

- **ကချင်ပြည်နယ်**

၂၀၁၈၊ ဇန်နဝါရီလ (၂) ရက်၊ နံနက် (၆) နာရီ (၁၀) မိနစ်တွင် ဖားကန့်လမ်း၊ ကားမိုင်းမြို့နယ် ၊မအူပင်ကျေးရွာ၌ မြန်မာ့တပ်မတော်မှ အသက်(၄၁) နှစ်အရွယ်၊ ကလေး(၅) ယောက်၏ ဖခင် ကချင်လူမျိုး ဦးယော်ထုန်အား အကြောင်းမဲ့ သေနတ်ဖြင့် ပစ်ခတ် သတ်ဖြတ်ခဲ့သည်ဟု မြောက်ပိုင်းမဟာမိတ်အဖွဲ့ သတင်းနှင့်ပြန်ကြားရေးပိုင်ဖြစ်သော ဖေ့ဘုတ်လူမှုကွန်ယက်မှ တဆင့်ဖော်ပြခဲ့သည်။ (NAB) (TheArakanArmy)

- **ရှမ်းပြည်နယ်**

ဇန်နဝါရီလ ၂ ရက်နေ့ နံနက် ၁ နာရီ ၄၅ မိနစ်ခန့်တွင် ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ကုန်းကြမ်းမြို့နယ်၊ ရှင်ဖျင်ကိုင်းကျေးရွာ၌ အဝတ်အထည်၊ အလှကုန်ပစ္စည်းများ ရောင်းဝယ်ရေး လုပ်ကိုင်သူ ဦးလီဆူ၊ ဒေါ်ဟွာရောက်ရီတို့ နေထိုင်သော ဈေးဆိုင်ခန်းအား အရပ်ဝတ် ဝတ်ဆင်ထားသူ ၂ ဦးက ဈေးဆိုင်တံခါးအနောက်ဘက်မှ ဝင်ရောက်၍ လက်နက်ငယ်ဖြင့် ၄ ချက်ပစ်ခတ်ခဲ့မှုကြောင့် အိပ်ခန်းအတွင်း စာကြည့်နေသော သမီးဖြစ်သူ မလီကျိုန်းကျောင်း(၁၂ နှစ်)သည် ညာပေါင်အတွင်းမှ လက်နက်ငယ်ကျည် ဖောက်ထွက်ဒဏ်ရာရရှိခဲ့ကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံးပိုင် လူမှုကွန်ယက် ဖေ့ဘုတ် စာမျက်နှာတွင် ဖော်ပြခဲ့သည်။ (Military) (TheLadies) (Popular)

ဇန်နဝါရီလ ၂ ရက်နေ့ ညနေ ၅ နာရီခွဲတွင် မူဆယ် ၁၀၅ မိုင်အကျော်၊ မော်တောင်းကျေးရွာအနီးတောလမ်းတစ်နေရာ၌ မူဆယ်ကနေ မန္တလေးကို ထွက်ခွာလာသည့် မူဆယ်သူ ခရီးသည်တင်မှန်လုံယာဉ်ရဲ့ ယာဉ်မောင်းအပါအဝင် ယာဉ်နောက်လိုက် ၃ ဦးကို အမည်မသိ လက်နက်ကိုင်အဖွဲ့တစ်ဖွဲ့က ခေါ်ယူသွားတယ်လို့ ရှမ်းပြည်နယ်ရဲတပ်ဖွဲ့ ၊ ပြည်နယ်တာဝန်မှူးကြီးရုံးမှ ပြောခဲ့သည်။ (Popular)

၂၀၁၈ ခုနှစ် ဇန်နဝါရီလ ၆ ရက်နေ့တွင် သျှမ်းပြည်အရှေ့ပိုင်း မိုင်းဆတ်ခရိုင် မိုင်းပျဉ်းမြို့နယ် မိုင်းပူးလုံအုပ်စု နှင့် မိုင်းပူးအွန်အုပ်စုအတွင်း မြန်မာတပ်မတော်နှင့် ရှမ်းပြည် ပြန်လည်ထူထောင်ရေး ကော်မတီ/ရှမ်းပြည်တောင်ပိုင်းတပ်ဖွဲ့ (RCSS/SSA)တို့ တိုက်ပွဲဖြစ်ပွားပြီးနောက် ညနေပိုင်းတွင် (RCSS/SSA) တပ်ဖွဲ့၏ စစ်ရေးလှုပ်ရှားမှုနှင့် ပတ်သက်ပြီး မိုင်းပူးလုံအုပ်စု လွန်းကျောက်ရွာ ဥက္ကဌအား တပ်မတော် ခမရ-၃၃၃ တပ်ရင်းမှ စစ်ဆေးမေးမြန်းမှုများပြုလုပ်ခဲ့ပြီး၊ ဒေသခံများထံ ဝက်သား ၁၀ ပိဿာ ဝယ်ပေးရန် အမိန့်တောင်းခံမှုပြုလုပ်ခဲ့ရာ လွန်းကျောက်ရွာ ဥက္ကဌမှ စီးပွားရေးအခြေအနေ အဆင်မပြေ၍ ထိုသို့ မပြုလုပ်ရန် ပြောဆိုတောင်းပန်ခဲ့သော်လည်း တပ်မတော်မှ သဘောမတူဘဲ လွန်းကျောက်ရွာ ဒေသခံများ စုပေါင်း၍ ဝက်သား ၈ ပိဿာဝယ်ယူပေးခဲ့ရကြောင်း Tai Freedom သတင်းဌာနတွင်ဖော်ပြခဲ့သည်။ (Tai Freedom)

ဇန်နဂါရီ ၁၀ ရက်နေ့တွင် လောက်ကိုင်မြို့နယ် ဟဲဟော်ကျေးရွာမှရွာသူ/သား ၂၀ ဦးခန့်သည်ဆီအောသန်ချိုင်း၌ သချိုင်းကန်တော့ နေစဉ် လက်နက်ငယ်များနှင့် ပစ်ခတ်ခံရသဖြင့်တုန်ကွမ်ဖူ၊ (၃၉)နှစ်သည် ဦးခေါင်း ကျည်ထိမှန်ဒဏ်ရာ (စိုးရိမ်ရ)၊ လူချောက်ချန်၊ (၂၉)နှစ်ပါ ၅ဦး(ကျား ၄၊ မ၁) တို့ ကျည်ထိမှန် ဒဏ်ရာများ (မစိုးရိမ်ရ)ရရှိခဲ့ပြီး လီရောက်ဝမ်၊ (၅၉)နှစ်သည် ဝမ်းဗိုက်ကျည် ဖောက်ထွက်ဒဏ်ရာဖြင့် သေဆုံးခဲ့ကြောင်း ပြည်ထဲရေးဝန်ကြီးဌာနမှ သတင်းထုတ်ပြန်ခဲ့သည်။ (TheLadies)

ဇန်နဝါရီလ ၁၂ ရက်နေ့တွင် ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ နမ့်ခမ်းမြို့ နယ်၊ နောင်လောင်းကျေးရွာအနီးရှိ ကားလမ်း ဘေး၌ထောင်ထားသော အလျား ၈ လက်မ၊ အနံ ၄ လက်မခန့်ရှိ ရှေ့ထွက်မိုင်းနှစ်လုံးနှင့်အတူ ဆက်စပ် ပစ္စည်းများအား မြန်မာ့တပ်မတော်မှ တွေ့ရှိခဲ့၍ သက်မဲ့ အဖြစ်ပြောင်းလဲခဲ့ကြောင်း ကာကွယ်ရေးဦးစီးချုပ်ရုံးမှ သတင်းဖော်ပြခဲ့သည်။ (Military)

## စစ်ဘေးရှောင်

- **ကချင်ပြည်နယ်**
  ဒီဇင်ဘာလ ၃၀ ရက်နေ့တွင် လီဒိုလမ်းမပေါ်ရှိ ရှုဒူးဇွပ်ကျေးရွာအနီး၌ မြန်မာ့တပ်မတော်နှင့် ကချင်လွတ်မြောက်ရေးတပ်မတော် (KIA) တို့တိုက်ပွဲဖြစ်ပွားခဲ့ပြီး ကျေးရွာအတွင်းသို့ လက်နက်ကြီးများ ကျရောက်ပေါက်ကွဲလာသောကြောင့် ရွာသား(၁၀၀) ကျော်လောက်သည် အိမ်တွင်မနေရဲတော့ဘဲ ရှုဒူး နှစ်ခြင်း ဘုရားကျောင်းသို့ လာရောက်ခိုလှုံနေကြသည်ဟု ဆရာထွယ်အောင်က ပြောခဲ့သည်။ (Kachinwaves)

  ကချင်ပြည်နယ် မံစီမြို့နယ်က မန်မောန်၊ မန်ပွေ့စသည့် ရှမ်းရွာတွေတဝိုက်၌ မြန်မာ့တပ်မတော်နှင့် ကချင်လွတ်မြောက်ရေး တပ်မတော် (KIA) တို့အကြား ပြီးခဲ့သည့် ဒီဇင်ဘာလလယ်လောက်က စတင်ခဲ့သော တိုက်ပွဲများကြောင့် မန်ဝိန်ကြီးရွာဘက်ကို စစ်ဘေးဒုက္ခသည် အယောက် ၄၀၀ နီးပါးရှိခဲ့သည်။ ရှမ်းတိုင်းရင်းသား ၃၀၀ လောက်သည် မန်ဝိန်းကြီးရွာ ဘုန်းကြီးကျောင်း၌ ခိုလှုံနေကြတာဖြစ်ပြီး နမ့်ခမ်းပါရွာက ကချင်တိုင်းရင်းသား အယောက် ၁၀၀ လောက်က ခရစ်ယာန် ကယ်ဆယ်ရေးစခန်းမှာ ခိုလှုံနေခဲ့သည်။ ထို့အပြင် ရွာများ၏ အနီးရှိ တောတောင်များဘက်၌ တိုက်ပွဲတွေဖြစ်နေပြီး၊ ရွာထဲ၌လည်း လူများမနေနိုင်အောင် မိုင်းထောင်ခြင်းများကြောင့် လောလောဆယ် အနည်းငယ်တည်ငြိမ်နေပေမယ့်ရှိတာကြောင့် ထွက်ပြေးလာကြတာဖြစ်ပြီး လောလော ဆယ် အနည်းငယ်တည်ငြိမ်နေသော်လည်း ရွာသားမှ အိမ်မပြန်ရဲပဲ ရှိနေခဲ့သည်။ (RFA) (Mizzima)

- **ရှမ်းပြည်နယ်**
  ၂၀၁၈ ခုနှစ် ဒီဇင်ဘာလ ၁ ရက်နေ့တွင် နမ့်ခမ်းမြို့ရှိ သျှမ်လူမှု ညီညွတ်ရေးအသင်း (Campaign for unity preservation) မှ သျှမ်းလူမှုအဖွဲ့အစည်း ၉ ဖွဲ့အား ဦးဆောင်ကာ သျှမ်း-တရုတ်-ကချင် နယ်စပ်ဒေသ ဖြစ်ပြီး ကချင်ပြည်နယ် မန်စီမြို့နယ် ဝိန်းလုံကျေးရွာ ဟိုဝိန်းခမ်း ဘုန်းတော်ကြီးကျောင်းရှိ စစ်ဘေးရှောင် ဒုက္ခသည် ၂၀၀ ခန့်အား ငွေကျပ် ၇၅၀,၀၀၀ (ခုနစ်သိန်းငါးသောင်း) ကျပ် လှူဒါန်းခဲ့သည်။ (Taifreedom)

"ကျောက်မဲမြို့နယ်နှင့် မိုင် ၂၀ ဝေးပြီး မိုင်းမော့မြို့နယ်ခွဲနှင့် ၁၀ မိုင်လောက်ဝေးတဲ့ အာပြောင်ရွာ၊ ကျောက်ဖြူရွာ၊ ဟင်ကြိုင်ရွာ ၊ နားလွေးရွာ စတဲ့ ရွာ ၄ ရွာက ဒေသခံရွာသား စုစုပေါင်း ၄၀၀ ကျော်ဟာ ကျောက်မဲမြို့နယ်ထဲကို ထွက်ပြေးတိမ်းရှောင်ကြပြီး၊ ၂၀၀ ကျော်ဟာ မိုင်းမော့မြို့ထဲကို ထွက်ပြေးတိမ်းရှောင်ထွက်ပြေးကြတာဖြစ်တယ်လို့" ကျောက်မဲမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းထွန်းအောင် ကပြောခဲ့ပြီး၊ လူမှုဝန်ထမ်းကယ်ဆယ်ရေးနဲ့ပြန်လည်နေရာချထားရေးဝန်ကြီးဌာနရဲ့ ညွှန်ကြားရေးမှူးတစ်ဦးက "ဇန်နဝါရီ ၂ ရက်နေ့ အထိ စစ်ဘေးရှောင် အိမ်ထောင်စု ၂၀၇ စုနှင့် လူဦးရေ ၇၇၃ ဦးရှိနေတယ်" ဟု ပြောခဲ့သည်။ (Popular)

ဇန်နဝါရီလ ၃ ရက်နေ့တွင် (နမ့်ဆန်၊ လားရှိုး၊ မန္တလေးမြို့) စေတနာရှင်များမှ ကျောက်မဲမြို့ပေါ်ရှိ စစ်ဘေးဒုက္ခသည်စခန်းများရှိ ဒုက္ခသည်များအား လာရောက်ကူညီကြသော်လည်း အလှမ်းဝေးသည့် မိုင်းငေါ့ မြို့နယ်ခွဲ စစ်ဘေးဒုက္ခသည်များဆီသို့ အကူအညီများ အရောက်နည်းနေကြောင်း စစ်ဘေးဒုက္ခသည်များအား ကူညီပေးနေသူများမှ ပြောခဲ့သည်။ ထို့ကြောင့် ကျောက်မဲမြို့ခံများနှင့် ဖွဲ့စည်းထားသည့် စစ်ရှောင်ကူညီရေးကော်မတီက မိုင်းငေါ့မြို့နယ်ခွဲက စစ်ဘေးဒုက္ခသည်များအတွက် အလှူခံပြီး အကူအညီများ ပို့ပေးနေသည်ဟု စစ်ဘေးဒုက္ခသည်များအား ကူညီပေးနေသည့် ဇီဂိတအသင်း ဥက္ကဋ္ဌ ဦးတင်မောင်သိန်း က ပြောခဲ့သည်။ (RFA) (NMG)

သျှမ်းပြည်မြောက်ပိုင်းတွင် မြန်မာ့တပ်မတော်နှင့် တအန်းအမျိုးသားလွတ်မြောက်ရေး တပ်မတော် (TNLA) ကြား စစ်ရေးတင်းမာနေခြင်းကြောင့် ဒေသခံ၁၂၀၀ ကျော်သည် ကျောက်မဲမြို့နှင့် မိုင်းငေါ့မြို့နယ်ခွဲများသို့တိမ်းရှောင်လာကြသည်ဟု ကျောက်မဲမြို့လူမှုရေးအသင်း မှ ကိုသားဇော်ကပြောခဲ့သည်။ တိုက်ပွဲ ရှောင်လာခဲ့ကြသော ကျေးရွာများမှာ ကျောက်မဲမြို့နယ်၊ အာပြောင်ကျေးရွာမှ ဒေသခံများ အပါအဝင် နမ့်ဆန်မြို့နယ်ရှိ ကျောက်ဖြူကျေးရွာနှင့် ကြက်သေကျေးရွာမှ ဒေသခံ စုစုပေါင်း ၁၂၀၀ ကျော် ဖြစ်သည်ဟုကိုသားဇော် ပြောခဲ့သည်။ တိုက်ပွဲရှောင်များကို ကျောက်မဲမြို့ ၈ ရပ်ကွက်ရှိ သန္တိသုခဓမ္မာရုံ(ဘိုးသာအောင် ဓမ္မရုံ)တွင် ကျား ၁၂၃ ဦး၊ မ ၁၇၇ ဦး၊ပေါင်း ၃၀၀ ဦး(အိမ်ထောင်စု ၇၀ စု)၊ ၈ ရပ်ကွက် အောင်မင်္ဂလာ ကျောင်းတိုက်တွင် ကျား ၉၂ ဦး၊ မ ၁၃၁ ဦး၊ ပေါင်း ၂၂၃ ဦး(အိမ်ထောင်စု ၅၁ စု)၊ ၇ ရပ်ကွက် ဝါဆိုကျောင်း ကျား ၆၈ ဦး၊ မ ၁၃၅ ဦး၊ ပေါင်း ၂၂၁ ဦး (အိမ်ထောင်စု ၆၈ စု)တို့ကို နေရာ ချထားပေးထားကြောင်း ကျောက်မဲမြို့ရှိ လူမှုရေးအသင်းများမှ ပြောခဲ့သည်။ (Irrawaddy) (The ladies)

ဇန်နဝါရီ ၆ ရက်နေ့တွင် ရှမ်းပြည်နယ်မြောက်ပိုင်း ကျောက်မဲခရိုင် ကျောက်မဲမြို့နယ်နှင့် မိုင်းငေါ့မြို့နယ်ခွဲ၌ ရောက်ရှိနေကြသော စစ်ဘေးရှောင်ဒုက္ခသည်များသည် မိုင်းငေါ့မြို့နယ်ခွဲ အနီးတွင်နမ့်ခွန်ကျေးရွာအတွင်း မြန်မာတပ်မတော်နှင့် တအာန်း အမျိုးသားလွတ်မြောက်ရေးတပ်မတော် (TNLA)တို့ တိုက်ပွဲများကြောင့် စိုးရိမ်ထိတ်လန့်နေကြသည်ဟု မိုင်းငေါ့သို့ ရောက်ရှိနေသော စစ်ဘေးရှောင်များမှ ပြောခဲ့သည်။ ကျောက်မဲမြို့ရှိ စစ်ဘေးရှောင်စခန်းများမှ သိရှိရသော စာရင်းများအရ (၁) အမှတ် (၈) ရပ်ကွက် ဓမ္မာရုံတွင် ကျောက်မဲ (မန်ခေါက်အုပ်စု၊ အာပြောင်ရွာ)မှ ပြောင်းရွှေ့လာသော အိမ်ထောင်စု ၇၂ စု၊ ပေါင်း ၃၀၆ ဦး၊ (၂) အောင်မင်္ဂလာကျောင်းတွင် ကျောက်မဲ (မန်ခေါက်အုပ်စု၊ အာပြောင်ရွာ) မှ ပြောင်းရွှေ့လာသော အိမ်ထောင်စု ၅၂ စု၊ ပေါင်း ၂၂၃ ဦး၊ (၃) မိုင်းငေါ့မြို့၊ ဈေးရပ်ကွက်၊ မဟာမုနိ ဘုန်းတော်ကြီးကျောင်းတွင် ကျောက်မဲ (မန်ခေါက်အုပ်စု၊ နားလွေးရွာ) နှင့် နမ့်ဆန် (ကျောက်ဖြူလေးအုပ်စု၊ ကျောက်ဖြူလေးရွာ) တို့မှ ထွက်ပြေးလာသော အိမ်ထောင်စု ၆၀၊ လူဦးရေ ၂၃၀၊ ပိန္နဲကုန်းကျေးရွာ၊ ဂါဆိုကျောင်းတွင် နမ့်ဆန် (ကျောက်ဖြူလေးအုပ်စု၊ ကျောက်ဖြူလေးနှင့် ကြက်သေရွာ) မှပြေးလာသော အိမ်ထောင်စု ၆၈၊ လူဦးရေပေါင်း ၂၂၃ ဦး၊ (၅) အောင်မြေသာယာ ဘုန်းကြီးကျောင်းတွင် နမ့်ဆန် (ကျောက်ဖြူလေးအုပ်စု၊ ကြက်သေရွာ) မှ ပြေးလာသော အိမ်ထောင်စုပေါင်း ၃၅ စု၊ လူဦးရေ ၁၃၇ ဦးရှိပြီး ကျောက်မဲမြို့မှ အိမ်ထောင်စုပေါင်း ၁၄၀၊ လူဦးရေပေါင်း ၅၈၀ ဦး၊ နမ့်ဆန်မြို့မှ အိမ်ထောင်စုပေါင်း ၁၅၀၊ လူဦးရေပေါင်း ၅၅၀၊ စုစုပေါင်း အိမ်ထောင်စု ၂၉၀၊ လူဦးရေ ၁၁၃၀ ရှိကြောင်း သိရသည်။ထို့ပြင် ကျောက်မဲမြို့နယ် မိုင်းငေါ့မြို့ရှိ ယာယီပြောင်းရွှေ့ရောက်ရှိလာသော စစ်ဘေးရှောင်စာရင်းမှာ အိမ်ထောင်စုပေါင်း ၆၀ ကျော်၊ လူဦးရေပေါင်း ၂၂၈ ဦး၊ ၁၈ နှစ်အောက် ၁၀၇ ဦး၊ သက်ကြီးရွယ်အို ၁၀ ဦး၊ ကျောင်းသား ကျောင်းသူ ၄၉ ဦး၊ ကလေးသူငယ် ၄၁ ဦးနှင့် သာသနာ့ဝန်ထမ်း လေးဦးဖြစ်ကြောင်း စစ်ရှောင်စခန်းများ၏ စာရင်းများအရ သိရှိခဲ့သည်။ (7Day) (Eleven)

## မြေမြှုပ်မိုင်း

- **ကချင်ပြည်နယ်**

ဒီဇင်ဘာ၂၉ရက်နေ့ နံနက် ၁၁ နာရီခွဲခန့်တွင် ကချင်ပြည်နယ်၊ ဖားကန့်မြို့နယ်၊ မြစ်ကြီးနား-ဖားကန့်သွား ကားလမ်းပေါ်ရှိ ဒွန်ဘုံးခ ကျေးရွာ၏ အရှေ့တောင်ဘက် မီတာ ၂၀၀၀ ခန့်အကွာ၌ ရီမုမိုင်းတစ်လုံးပေါက်ကွဲမှုဖြစ်ပွားခဲ့သည်။ မိုင်းပေါက်ကွဲမှုကြောင့် လမ်းပေါ်၌ သွားလာနေသော မြစ်ကြီးနားမြို့နေ ဦးမခွန်ကန်ရမ်နှင့် ဒေါ်စန်းစန်းဌေး မိုင်းစထိမှန်ဒဏ်ရာ ရရှိခဲ့သည်။ (Military)

ဇန်နဝါရီ ၅ ရက် နံနက် ၁၀ နာရီခန့်တွင် ကချင်ပြည်နယ်၊ ဆဒုံးမြို့နယ်၊ အင်ဂမ်းကောင်ကျေးရွာနေ မခေါ်မလေး(ဘ)ဦးခေါ်တားနှင့် မဂူမီး(ဘ)ဦးဂူပေါ်တို့နှစ်ဦးသည် အဖော်သုံးဦးနှင့်အတူ ကျေးရွာအနီးတောအတွင်းသို့ ဖက်ခူးရန်သွား ရောက်စဉ်ကျေးရွာ၏ အရှေ့ တောင်ဘက် ၂ မိုင်ခန့်အကွာ၌ မိုင်းတစ်လုံးအား တိုက်မိပေါက်ကွဲခဲ့သဖြင့် မဂူမီးနှင့် မခေါ်မလေးတို့တွင် မိုင်းစထိမှန် ဒဏ်ရာများရခဲ့သည်။ (Military)

- **ရှမ်းပြည်နယ်**

ဒီဇင်ဘာလ ၃၁ ရက်နေ့ နံနက် ၀၈း၄၅ မိနစ် တွင် ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ မူဆယ်မြို့နယ်၊ မူဆယ်-နမ့်ခမ်း ကားလမ်းတွင် မိုင်းပေါက်ကွဲမှု တခုဖြစ်ပွားခဲ့ပြီး၊ ဖြစ်ပွားခဲ့သည်နေရာသို့ မြန်မာ့တက်မတော်မှ သွားရောက်ခဲ့ကာ ကချင်လွတ်မြောက်ရေးတပ်မတော် (KIA) တပ်သား နှစ်ဦးအား ပစ်ခတ်ဖမ်းဆီးခဲ့ခြင်းကြောင့် တဦးသေဆုံးခဲ့ပြီး၊ တဦးဒဏ်ရာရကာ မြန်မာ့တပ်မတော်မှ ဖမ်းဆီးခြင်းကို ခံခဲ့ရကြောင်း အပါအဝင် မိုင်းရှင်းလင်းရေး သတင်းများအား ကာကွယ်ရေးဦးစီးချုပ်ရုံးမှ သတင်းထုတ်ပြန်ခဲ့သည်။ (Military)

ဇန်နဝါရီ ၇ ရက်နေ့ နံနက် ၁၁ နာရီခန့်တွင် ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ မူဆယ်မြို့နယ်၊မိုင်းယုကျေးရွာအနီး (၁၀၅)မိုင် ကုန်သွယ်ရေး ဇုန်အဝင် တိုးဂိတ်အနီး အရှေ့ဘက်ပေ ၃၀ ခန့်အကွာ ပြည်ထောင်စု ကားလမ်းမကြီးဘေးချုံအတွင်း၌ အလျား ၈ လက်မ၊ အနံ၄ လက်မခန့်ရှိ ဒေသန္တရလုပ် ရီမုမိုင်းတစ်လုံး တွေ့ရှိခဲ့သည်။ (Military)

ဇန်နဝါရီ ၈ ရက် နေ့လည်ပိုင်းတွင်ရှမ်းပြည်နယ်မြောက်ပိုင်း မူဆယ်ခရိုင် မုံးကိုးမြို့နယ် ထင်းခွေသွားသည့် မုံးကိုးရွာသားသင်း ထောက် ဝယော ဇောင်းခေါင်၊ဝယော ခေါင်ဒေါင်ဝ်၊ ဝယော ဒိုင်ဇေ၊လုပ်ဆိန်း ယိန်းယော်၊ချာလောင်ဖာ၅ ဦး မြေမြှုပ်မိုင်း ၂ ကြိမ်ဆက် တိုက်နင်းမိပြီး ဒဏ်ရာများ ရရှိခဲ့သဖြင့် တရုတ်နိုင်ငံ မန်စီမြို့ဆေးရုံတွင် ဆေးဝါး ကုသခံယူခဲ့ရသည်။ (Marnagar News ) (7Day) (VOA) (NAB) (Irrawaddy)

## တွေ့ဆုံဆွေးနွေးမှု

ဒီဇင်ဘာ ၂၈ ရက်နေ့တွင် ရေးမြို့နယ် ဂယ်ဇင်ကျေးရွာရှိ မွန်ပြည်သစ်ပါတီ ထားဝယ်ခရိုင်ဌာနချုပ် ဝယ်ဇင်စခန်း၌ လည်းကောင်း၊ မွန်းလှဲပိုင်းတွင် ရေးမြို့နယ် တူးမြောင်းကျေးရွာရှိ ကျိုက်ဒေဝတမော့ဗရတ် သာသနာပြုဌာန (ဦးဇင်းလေး ကျောင်းတိုက်)၌ လည်းကောင်း မွန်ပြည်သစ်ပါတီနှင့် မွန်ပြည်နယ် အစိုးရအဖွဲ့၊ ငြိမ်းချမ်းရေးကော်မရှင်နှင့် နီပွန်ဖောင်ဒေးရှင်းတို့ တွေ့ဆုံခဲ့ပြီး NCA လက်မှတ်ရေးထိုးရေး အပါအဝင် ငြိမ်းချမ်းရေး၊ ဒေသဖွံ့ဖြိုးရေးများ ဆွေးနွေးခဲ့သည်။ တွေ့ဆုံပွဲသို့ မွန်ပြည်သစ်ပါတီဥက္ကဋ္ဌ နိုင်ထောမွန် အပါအဝင် မွန်ပြည်သစ်ပါတီ စစ်ဦးစီးချုပ် လယီကောင်း၊ မွန်ပြည်သစ်ပါတီ အတွင်းရေးမှူး နိုင်ကျော့ရဲ၊ ထားဝယ်ခရိုင်ဥက္ကဋ္ဌ နိုင်ဥာဏ်ထွန်း၊ ထားဝယ်ခရိုင်အတွင်းရေးမှူး နိုင်ဥာဏ်ထွန်းတို့နှင့် မွန်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာအေးဇံ ဦးဆောင်သော ပြည်နယ်အစိုးရအဖွဲ့ဝင်များတက်ရောက်ခဲ့သည်။ (Eleven)

၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်နေ့တွင် ရန်ကုန်မြို့ NRPC ရုံး၌ နာဂအမျိုးသားဆိုရှယ်လစ်ကောင်စီနှင့်ငြိမ်းချမ်းရေး ဖော်ဆောင်ရေး ကော်မတီတို့ တွေ့ဆုံဆွေးနွေးပွဲ ပြုလုပ်ခဲသည်။ အဆိုပါ ဆွေးနွေးပွဲတွင် ငြိမ်းချမ်းရေးဆိုင်ရာကိစ္စရပ်များ၊ ၂၀၁၈ ဇန်နဝါရီလကုန်တွင် ကျင်းပမည့် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ - ၂၁ ရာစု ပင်လုံ တတိယအစည်းအဝေးတက်ရောက်နိုင်ရေး ကိစ္စရပ်များနှင့် ဒေသတည်ငြိမ်အေးချမ်းသာယာရေး၊ ဖွံ့ဖြိုးရေးကိစ္စရပ်များကို ဆွေးနွေးခဲ့သည်။ ဆွေးနွေးပွဲသို့ ငြိမ်းချမ်းရေးကော်မရှင် ဥက္ကဌ ဒေါက်တာတင်မျိုးဝင်း၊ ဒုတိယဥက္ကဌ ဦးသိန်းဇော်နှင့် အဖွဲ့ဝင်များ၊ အကြံပေးနှင့် အထောက်အကူပြုအဖွဲ့ဝင်များ တက်ရောက်ခဲ့ပြီး နာဂအမျိုးသားဆိုရှယ်လစ်ကောင်စီမှ ငြိမ်းချမ်းရေးဖော်ဆောင်ရေး ကော်မတီဥက္ကဌ ဦးအန်ကန်၊ ဗဟိုကောင်စီဝင် ဦးကျော်ဝမ်းစိန်၊ ဦးစောထင် နှင့် ရုံးအဖွဲ့ဝင်များ တက်ရောက်ခဲ့သည်။ (Peace Commission)

## အစည်းအဝေးများ

- **UNFC**

၂၀၁၈ ခုနှစ်ဇန်နဝါရီလ ၆ ရက်နေ့မှ စတင်ခဲ့ပြီး ၈ ရက်နေ့အထိ ထိုင်းနိုင်ငံ ချင်းမိုင်မြို့၌ ညီညွတ်သော တိုင်းရင်းသား လူမျိုးများ ဖက်ဒရယ်ကောင်စီ (UNFC) ဗဟို အလုပ်အမှုဆောင်ကော်မတီ တို့၏ အရေးပေါ်အစည်းအဝေး ပြုလုပ်ခဲ့သည်။ အစည်းအဝေးတွင် ဥက္ကဌ နိုင်ဟံသာမှ **"အခြေအနေ ကလည်း မကြာခင်မှာ ဒီ ၂၁ ပင်လုံ တတိယ အစည်းအဝေးကိုလည်း ခေါ်ဖို့ ရှိပါတယ်။ ကျနော်တို့ အနေနဲ့လည်း ဒီကနေ့ အနေ အထားမှာ တစ်ဖက်က ပြောမယ်ဆိုရင်တော့ ဒါက ဗမာ့တပ်မတော်အနေနဲ့လည်း ကျနော်တို့ အဖွဲ့ဝင်တွေကို တော်တော်လေး အကြပ်ကိုင်မှုတွေ ရှိနေတယ်။ နောက်ပြီး မြောက်ပိုင်းမှာလည်း စစ်ရေးလှုပ်ရှားမှုနဲ့ ဖိအားတွေ ပေးနေတာလည်း ရှိပါတယ်။ ဒါက အခြေအနေ ဘက်ပေါင်းစုံကို ကျနော်တို့ သုံးသပ်ပြီးတော့ အနာဂတ်မှာ ကျနော်တို့ UNFC တပ်ပေါင်းစု အဖွဲ့ဝင်များ အနေနဲ့ဘယ်လိုလုပ်သွားကြမလဲ၊ ဘယ်လိုဆက်လက်ပြီးတော့မှ ညှိနှိုင်းဖြေရှင်းမလဲ စသည်ဖြင့်ပေါ့လေ ကျနော်တို့ကတော့ ဆွေးနွေး ဆုံးဖြတ်ပေးဖို့ ဖြစ်ပါတယ်။"**ဟု တက်ရောက်ခဲ့သည့် ခေါင်းဆောင်များအား အဖွင့်မိန့်ခွန်း ပြောကြားရာတွင် ထည့်သွင်း ပြောကြားခဲ့သည်။ (NMG)

ဇန်နဝါရီ ၇ ရက်နေ့တွင် ချင်းမိုင်မြို့၌တစ်နိုင်ငံလုံး ပစ်ခတ် တိုက်ခိုက်မှု ရပ်စဲရေးသဘောတူ စာချုပ် (NCA) လက်မှတ်ထိုး၊ မထိုး ဆုံးဖြတ်ရန် ညီညွတ်သော တိုင်းရင်းသား လူမျိုးများ ဖက်ဒရယ်ကောင်စီ (UNFC) အဖွဲ့ဝင် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့ ထိပ်သီးခေါင်းဆောင်များ အရေးပေါ်အစည်းအဝေးနေ့ (ဒုတိယနေ့) ကို ဆက်လက်ပြုလုပ်ခဲ့သည်။သုံးရက် ကြာကျင်းပမည့် အစည်းအဝေးကိုUNFCဥက္ကဋ္ဌနှင့် မွန်ပြည်သစ်ပါတီ (NMSP) ဒုဥက္ကဌ နိုင်ဟံသာ၊ ကရင်နီအမျိုးသားတိုးတက်ရေး ပါတီ (KNPP) ဥက္ကဋ္ဌ ခွန်အေဘယ် တို့ဒ် အပါအဝင် NMSP,KNPP၊ ရခိုင်ပြည်အမျိုး သား ကောင်စီ (ANC) နှင့် လားဟူဒီမိုကရက်တစ် အစည်းအရုံး (LDU)မှ ခေါင်းဆောင်များ တက်ရောက်ခဲ့သည်။ (7Day)

- **NCA- EAOs**

ဇန်နဝါရီလ ၁၁ ရက်နေ့မှ စတင်ပြီး ၁၃ရက်နေ့ထိ ထိုင်းနိုင်ငံ ချင်းမိုင်မြို့တွင် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ် (NCA) လက်မှတ်ရေးထိုးထားသော တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းခေါင်းဆောင်များပါဝင်သော ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ဦးဆောင်အဖွဲ့ (PPST) အရေးပေါ် အစည်းအဝေး စတင်ကျင်းပခဲ့သည်။ (Mizzima) (BNI) (PangLong) (NMG) (Taifreedom) (TheLadies) (NCA-S-EAO) (KNUHQ)

ဇန်နဝါရီလ ၁၃ ရက်နေ့တွင် ထိုင်းနိုင်ငံချင်းမိုင်မြို့ရှိခွန်ပူခမ် (Khumphucome) ဟိုတယ်၌ ငြိမ်းချမ်းရေး လုပ်ငန်းစဉ် ဦးဆောင်အဖွဲ့ (PPST) နှင့် ညီညွတ်သော တိုင်းရင်းသားလူမျိုးများကောင်စီ (UNFC) တို့ အစည်းအဝေးပြုလုပ်ခဲ့သည်။ လူမျိုးအလိုက် အမျိုးသားအဆင့် နိုင်ငံရေး ဆွေးနွေးပွဲကိစ္စများနှင့်ပတ်သက်ပြီး နောက်ယှက်ခံနေရမှုကိစ္စ၊ မြောက်ပိုင်းဒေသတွင် တိုက်ပွဲများဖြစ်ပွားနေခြင်း ကိစ္စများအား ဆွေးနွေးခဲ့သည်။ (MIZZIMA) (NMG)

- JMC

ဒီဇင်ဘာ ၂၉ ရက်တွင် ကရင်ပြည်နယ်၊ ဘားအံမြို့၌ ကရင်ပြည်နယ် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေး ကော်မတီ JMC-S (ကရင်)၏ (၁၁) ကြိမ်မြောက် ပုံမှန်အစည်းအဝေးကိုကျင်းပခဲ့သည်။ အစည်းအဝေးသို့ အစိုးရ၊ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများနှင့် အရပ်သား အစုအဖွဲ့အသီးသီးမှ ကိုယ်စားလှယ် (၁၈) ဦး တက်ရောက်ပြီး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးဆိုင်ရာ လုပ်ငန်းများကို ဆွေးနွေးညှိနှိုင်းခဲ့သည်။ (JMC)

ဒီဇင်ဘာ ၃၀ ရက်နေ့ နေ့လည်ခင်းတွင် မော်လမြိုင်မြို့ရှိ ကော်မတီရုံးအစည်းအဝေး ခန်းမ၌ မွန်ပြည်နယ်၊ ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ(JMC-S) (၁၁)ကြိမ်မြောက် အစည်းအဝေးကို ပြုလုပ်ခဲ့သည်။ အစည်းအဝေးတွင် ကော်မတီဥက္ကဋ္ဌ အရှေ့တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မျိုးဝင်းနှင့် ဒုတိယဥက္ကဋ္ဌများ၊ ကော်မတီအဖွဲ့ဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ခဲ့သည်။(Military)

ဇန်နဝါရီ (၁၁) ရက်တွင် မွန်ပြည်နယ်၊ ဘီးလင်းမြို့နယ်၊ သစ်ချတောင်းကျေးရွာ၌ မွန်ပြည်နယ် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ JMC-S (မွန်) အဖွဲ့ဝင်များသည် နဝမအကြိမ်မြောက်ဒေသခံပြည်သူလူထုနှင့် တွေ့ဆုံကာ ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးလုပ်ငန်းစဉ်များနှင့် ငြိမ်းချမ်းရေးဆိုင်ရာ အကြောင်းအရာများကို ရှင်းလင်းပြောဆိုခဲ့သည်။JMC-S (မွန်) ၏ နဝမအကြိမ်မြောက် လူထုတွေ့ဆုံပွဲသို့JMC-S (မွန်) အဖွဲ့ဝင်များ၊ ဘီးလင်းမြို့နယ်မှ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ သစ်ချတောင်းကျေးရွာနှင့် အနီးပတ်ဝန်းကျင် ကျေးရွာများမှ ဒေသခံပြည်သူများ စုစုပေါင်း လူဦးရေ (၅၇၀) ခန့် တက်ရောက်ခဲ့သည်။ (JMC)

- UPDJC

ဒီဇင်ဘာ ၃၀ ရက်နေ့တွင် နေပြည်တော်ရှိ အမျိုးသား ပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန (NRPC) ၌ အစိုးရ၊ နိုင်ငံရေးပါတီနှင့် တစ်နိုင်ငံလုံး အပစ်ရပ်စာချုပ် (NCA) လက်မှတ်ထိုးထားသည့် တိုင်းရင်းသားအဖွဲ့များမှ ကိုယ်စားလှယ် ၄၈ ဦးဖြင့် စုဖွဲ့ထားသည့် ပြည်ထောင်စု ငြိမ်းချမ်းရေး ဆွေးနွေးမှု ပူးတွဲကော်မတီ (UPDJC) အတွင်းရေးမှူးအဖွဲ့ အစည်းအဝေးကို ကျင်းပခဲ့သည်။ အစည်းအဝေးတွင် ကဏ္ဍအလိုက် လုပ်ငန်းကော်မတီ အစည်းအဝေးများနှင့် ဇန်နဝါရီ ဒုတိယပတ်၌ ကျင်းပမည့် UPDJC အစည်းအဝေးအတွက် အစီအစဉ်များ ရေးဆွဲခဲ့ကြောင်း၊ ရှမ်းလူမျိုးအလိုက် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲ အကြိုရှမ်း လူထုတွေ့ဆုံပွဲများ ဟန့်တားခံရခြင်းအကြောင်းများနှင့် ပတ်သတ်၍ ဆွေးနွေးခဲ့ကြောင်း UPDJC အတွင်းရေးမှူးအဖွဲ့ဝင် ဦးစိုင်းကျော်ညွန့်မှ ပြောခဲ့သည်။ ပြည်ထောင်စုငြိမ်းချမ်းရေး ညီလာခံ ၂၁ ရာစု ပင်လုံ တတိယ အစည်းအဝေးကိုလာမည့် ဇန်နဝါရီ လကုန်ပိုင်းခန့်တွင် ကျင်းပရန် ရည်မှန်းထားကြောင်း UPDJC အတွင်းရေးမှူးအဖွဲ့ဝင် ဦးခွန်မြင့်ထွန်းမှ ပြောခဲ့သည်။(7day) (BBC)

- UPC

ဇန်နဝါရီ၇ ရက်နေ့တွင် ပြည်ထောင်စု ငြိမ်းချမ်းရေး ညီလာခံ ၂၁ ရာစုပင်လုံ တတိယအကြိမ် အစည်းအဝေးကို ဇန်နဝါရီ ၃၁ ရက် တွင် စတင်ရန်ဆုံးဖြတ်ထားကြောင်း ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ(UPDJC)အတွင်းရေးမှူးအဖွဲ့ဝင် စိုင်းကျော်ညွန့်မှ ပြောခဲ့သည်။**"UPDJC အတွင်းရေးမှူး အစည်းအဝေးမှာတော့ ဇန်နဝါရီ ၃၁ ရက် စပြီးကျင်းပမယ်လို့ ဆုံးဖြတ်ထားတယ်။ ဒါပေမဲ့ ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှုပူးတွဲကော်မတီ အစည်းအဝေးကျင်းပဖို့ လိုသေးတယ်**"ဟုပြောခဲ့သည်။ (MMTimes)

ဇန်နဝါရီ ၈ရက်နေ့ မွန်းလွဲ (၂) နာရီတွင်နေပြည်တော်ရှိ နိုင်ငံတော်အတိုင်ပင်ခံရုံး ဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ပြည်ထောင်စု ငြိမ်းချမ်းရေးညီလာခံ (၂၁)ရာစုပင်လုံကျင်းပရေး ဗဟိုကော်မတီ အစည်းအဝေးပြုလုပ်ခဲ့သည်။ အစည်းအဝေးတွင် ပြည်ထောင်စု ငြိမ်းချမ်းရေးညီလာခံ (၂၁) ရာစုပင်လုံ ကျင်းပ ရေးဗဟိုကော်မတီ ဒုတိယ ဥက္ကဋ္ဌ၊ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဦးကျော်တင့်ဆွေ၊ ဖိတ်ကြားရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌကိုယ်စား အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး ဝန်ကြီး ဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင် ၊ ကြိုဆိုနေရာချထားရေးနှင့် တည်းခိုနေထိုင်ရေး လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရဲအောင် ၊ သယ်ယူ ပို့ဆောင်ရေး လုပ်ငန်း ကော်မတီဥက္ကဋ္ဌ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်မျိုး၊ ခန်းမအတွင်း နေရာချထားရေးလုပ်ငန်း ကော်မတီဥက္ကဋ္ဌကိုယ်စား နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယ ဗိုလ်ချုပ်ကြီး ရဲအောင်၊ ဧည့်ခံကျွေးမွေးရေးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ ဟိုတယ်နှင့် ခရီးသွားလာရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင်၊ အခမ်းအနားပြင်ဆင်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ သမ္မတရုံး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းသူ၊ လုံခြုံရေးလုပ်ငန်း ကော်မတီဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ် အောင်စိုး၊ သတင်း နှင့်ပြန်ကြား ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ပြန်ကြားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်၊ ကျန်းမာရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ကိုယ်စား ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ ဒေါ်ရီရီမြင့်၊ ဘဏ္ဍာရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ စီမံကိန်းနှင့် ဘဏ္ဍာရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းနှင့် ပူးပေါင်းညှိနှိုင်းရေးလုပ်ငန်း ကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော် အတိုင်ပင်ခံရုံး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်တင်တို့က ပြည်ထောင်စု ငြိမ်းချမ်းရေး ညီလာခံ (၂၁) ရာစုပင်လုံ ကျင်းပနိုင်ရေးအတွက် လုပ်ငန်းကော်မတီအလိုက် ဆောင်ရွက်နေသည့် လုပ်ငန်းစဉ်များနှင့် ဆောင်ရွက်နေမှု အခြေအနေများကို လည်းကောင်း၊ ယခင်နှစ်အတွေ့အကြုံများကို အခြေခံပြီး ပိုမိုကောင်းမွန်စွာ ပြုလုပ်နိုင်ရေး ဆောင်ရွက်သွားမည့် အစီအစဉ်များကို ပြောဆိုဆွေးနွေးခဲ့သည်။ (MOI)

- Political Parties

ဇန်နဝါရီ ၁၁ရက်နေ့တွင် ချင်းဒီမိုကရေစီအဖွဲ့ချုပ်ရုံး၌ ချင်းပါတီများ၏ ပူးပေါင်းရေးဆိုင်ရာ အစည်းအဝေးကို စတင်ကျင်းပသွားမည်ဖြစ်ကြောင်း ချင်းဒီမိုကရေစီအဖွဲ့ချုပ်ပါတီ အတွင်းရေးမှူး ဦးအောင်လိန်းက ပြောခဲ့သည်။ (BNI)

## နီးနှောဖလှယ်ပွဲများနှင့် အလုပ်ရုံဆွေးနွေးပွဲများ

- Peace Talk

ဒီဇင်ဘာ၂၉ရက်နေ့ နံနက် ၁၀ နာရီတွင် ကယားပြည်နယ် လွိုင်ကော်မြို့ရှိ ပြည်နယ်ခန်းမ၌ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် ကယားပြည်နယ် ဒေသခံလူငယ်များ ငြိမ်းချမ်းရေး စကားဝိုင်းကို ပြုလုပ်ခဲ့သည်။ ငြိမ်းချမ်းရေးစကားဝိုင်းသို့ ပြည်ထောင်စုဝန်ကြီးများ၊ ကယားပြည်နယ် ဝန်ကြီးချုပ်၊ ကယားပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့် ကယားပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်နှင့် ကယားပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ၊ တိုင်းရင်းသားကိုယ်စားလှယ်များ၊ ငြိမ်းချမ်းရေးအဖွဲ့အစည်းများ၊ နိုင်ငံရေး ပါတီများ၊ ပြည်နယ်အဆင့်/ ခရိုင်အဆင့်/ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ လွိုင်ကော်၊ ဒီမော့ဆို၊ ဖရူဆို၊ ရှားတော နှင့် ဘောလခဲမြို့နယ်တို့မှ ဒေသခံများ၊ NGOs ၊ INGOs များ၊ ဘာသာရေးအသင်းအဖွဲ့များ၊ လူမှုရေးအသင်းအဖွဲ့များ၊ ကင်းထောက်လူငယ်၊ သူနာပြု၊ သားဖွားနှင့် အဆင့်မြင့်ပညာမှ ဆရာ/ဆရာမများနှင့် ကျောင်းသား/ ကျောင်းသူများ တက်ရောက်နားထောင်ခဲ့ကြသည်။ (kantarawaddytimes) (Eleven) (SC Office) (7Day) (Eleven) (SC Office) (SC Office)

- CSO Forum

ဇန်နဝါရီ ၂ ရက်နေ့မှစတင်ခဲ့ပြီး နေပြည်တော်ရှိ MICC-2 ၌ အကြောင်းအရာအလိုက် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲ (သို့မဟုတ်) ဒုတိယအကြိမ် အရပ်ဘက်လူ့အဖွဲ့အစည်းများဖိုရမ်ကို နှစ်ရက်တာ ကျင်းပခဲ့သည်။ အဆိုပါဖိုရမ်သို့ တက်ရောက်ရန် တိုင်းဒေသကြီးနှင့် ပြည်နယ်တစ်ခုချင်းစီအတွက် ကိုယ်စားလှယ် ၁၅ ဦးနှင့် တာဝန်ခံနှစ်ဦး စုစုပေါင်း ၁၇ ဦးဖိတ်ကြားထားပြီး ပြည်ထောင်စုငြိမ်းချမ်းရေး ဆွေးနွေးမှုပူးတွဲကော်မတီ (UPDJC) က မူလသတ်မှတ်ထားသည့်အတိုင်း ကိုယ်စားလှယ် ၅၀၀ ရွေးချယ်တက်ရောက်သွားမည်ဖြစ်ကြောင်းနှင့် အစိုးရဘက်မှ နေပြည်တော်ကောင်စီကြီးကြပ်ရေးအဖွဲ့နှင့် UPDJC အလုပ်အဖွဲ့တို့ တက်ရောက်ခဲ့သည်။ အဆိုပါဖိုရမ်တွင် မန္တလေးမြို့၌ ဒီဇင်ဘာလကုန်ပိုင်းက ပြုလုပ်ခဲ့သော အကြိုဖိုရမ်မှရရှိခဲ့သည(UPDJC) မှ တစ်ဆင့် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ ၂၁ ရာစုပင်လုံ အစည်းအဝေးသို့ တင်သွင်းသွားမည့် ပြန်လည်နေရာချထားရေးနှင့် ပြန်လည်ထူထောင်ရေးဆိုင်ရာ မူဝါဒအကြံပြုချက်စာတမ်းနှင့် ဖက်ဒရယ်အခြေခံမူဝါဒဆိုင်ရာ အကြံပြုစာတမ်း စသည့်စာတမ်းနှစ်စောင်ကို ဖတ်ကြားခဲ့သည်။ (MOI Eng) (Eleven) (MOI) (Irrawaddy) (Eleven)

ဇန်နဝါရီလ ၃ ရက်နေ့ နံနက် ၉ နာရီတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟို ဌာန-၂ (MICC-II) ၌ အကြောင်းအရာလိုက် အမျိုးသားအဆင့်နိုင်ငံရေးဆွေးနွေးပွဲ (ဒုတိယအကြိမ်) ပြည်ထောင်စုအဆင့် အရပ်ဘက် အဖွဲ့အစည်းများ ငြိမ်းချမ်းရေးဖိုရမ် ဒုတိယနေ့ကို ပြုလုပ်ခဲ့သည်။ အဆိုပါ ငြိမ်းချမ်းရေးဖိုရမ်သို့ အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲကြီးကြပ်မှု ကော်မတီဝင်များ၊ အရပ်ဘက်အဖွဲ့အစည်းများ၊ ပြည်ထောင်စုအဆင့် အရပ်ဘက်အဖွဲ့ အစည်းများ ငြိမ်းချမ်းရေးဖိုရမ်ကော်မတီဝင်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်တို့မှ ကိုယ်စားလှယ်များ၊ မသန်စွမ်းသူ ကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့သည်။ ဆွေးနွေးပွဲတွင် ပြည်ထောင်စုအဆင့် အရပ်ဘက်အဖွဲ့အစည်းများ ငြိမ်းချမ်းရေးဖိုရမ်(UCCPF) ကော်မတီဝင်များဖြစ်သည့် ဘန်ဆိုင်းဘူနှင့် နော်တကောထူးတို့က ဖိုရမ်ပထမနေ့၌ ဆောင်ရွက်ခဲ့မှုနှင့် ဆွေးနွေးခဲ့မှုအခြေအနေများကို ခြုံငုံသုံးသပ် ရှင်းလင်းပြောကြားကြပြီး (UCCPF)ကော်မတီဝင်များဖြစ်ကြသည့် ဦးမြတ်သူဝင်းနှင့် ဆောင်ဝင်းတို့က မူဝါဒအကြံပြုစာတမ်းများကို အကြောင်းအရာအလိုက် အမျိုးသား အဆင့်နိုင်ငံရေးဆွေးနွေးပွဲ ပြည်ထောင်စုအဆင့် အရပ်ဘက်အဖွဲ့ အစည်းများငြိမ်းချမ်း ရေးဖိုရမ် ကြီးကြပ်ရေးကော်မတီဝင်များထံပေးအပ်ခဲ့သည်။ အဆိုပါ ရရှိလာသည့် စာတမ်းနှစ်စောင်အား နေပြည်တော်ကောင်စီ နယ်မြေကြီးကြပ်ရေးကော်မတီကနေ ပြည်ထောင်စု ငြိမ်းချမ်းရေး ဆွေးနွေးမှုပူးတွဲကော်မတီ (UPDJC) အတွင်းရေးမှူးကို ပေးပို့ပြီး UPDJC ၏ လုပ်ငန်းကော်မတီများမှတဆင့် ဆွေးနွေးပြင်ဆင်ပြီးသား စာတမ်းကို ၂၁ ရာစု ပင်လုံညီလာခံသို့ တင်ပြရန်ဖြစ်သည်။ (MOI) (DVB)

- KNDCC

ဇန်နဝါရီ ၅ ရက်နှင့် ၆ ရက်နေ့များတွင် ကရင်ပြည်နယ် ဘားအံမြို့၌ ပြုလုပ်သည့် ကရင်အမျိုးသား နိုင်ငံရေးဆွေးနွေး ပွဲကျင်းပရေး ကော်မတီ (KNDCC)အစည်းအဝေးတွင် ပြည်ထောင်စုငြိမ်းချမ်း ရေးညီလာခံ- ၂၁ ရာစုပင်လုံ အစည်းအဝေးများ၌ ကရင်လူထု လိုလားချက်များ ထပ်မံတင်ပြနိုင်ရေးအတွက် ကရင် ပြည်နယ်၊ မွန်ပြည်နယ်၊ ကရင်နီ (ကယား)ပြည်နယ်၊ ရန်ကုန်၊ ဧရာ ဝတီ၊ ပဲခူး၊ တနင်္သာရီ၊ အထက် မြန်မာပြည်နှင့် နယ်စပ်ဒေသများ စသည့် ကရင်လူမျိုးများနေထိုင်ရာ ဒေသကိုးခုတွင် လူထုသဘောထား ရယူရန် အစည်းအဝေးက ဆုံးဖြတ်ခဲ့သည်ဟု အစည်းအဝေး အကျိုးဆောင် စောထွန်းထွန်းမှ ပြောဆိုခဲ့သည်။ (7Day) (KIC)

- NCA- EAOs

ဇန်နဝါရီလ ၉ ရက်နေ့တွင်မကွေးမြို့ ဂေါက်ကလပ်ကွင်း ခန်းမ၌ ပြည်ထောင်စုငြိမ်းချမ်းရေး ညီလာခံ ၂၁ ရာစုပင်လုံ (တတိယအစည်းအဝေး) အကြိုလူထုဆွေးနွေးကို မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများ ဒီမိုကရက်တစ် တပ်ဦး(ABSDF) အဖွဲ့မှ ဦးဆောင်၍ ပြုလုပ်ခဲ့သည်။ (Mizzima)

ဇန်နဝါရီ ၁၀ရက်နေ့တွင် မကွေးမြို့ ဂေါက်ကလပ်ကွင်း ခန်းမတွင်ပြည်ထောင်စုငြိမ်းချမ်းရေး ညီလာခံ ၂၁ ရာစုပင်လုံ (တတိယ အစည်းအဝေး) အကြိုလူထုဆွေးနွေးကို ကျင်းပပြုလုပ်ခဲ့သည်။ ဆွေးနွေးပွဲကို မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများ ဒီမိုကရက်တစ်တပ်ဦး(ABSDF) အဖွဲ့မှ ဦးစီးကျင်းပပြီး မကွေးတိုင်းဒေသကြီးအတွင်းရှိ ရပ်ရွာလူထုအခြေပြု အရပ်ဘက်အဖွဲ့အစည်းများ တက်ရောက်ခဲ့သည်။ (Mizzima)

## အရပ်ဘက် - စစ်ဘက် ဆက်ဆံရေး

ဒီဇင်ဘာ ၂၉ ရက်နေ့တွင် ကရင်ပြည်နယ်၊ ကြာအင်းဆိပ်ကြီးမြို့နယ် ဒူးပလာယာခရိုင်၊ ဝင်းရေးမြို့နယ်၌ ကျေးရွာအုပ်ချုပ်ရေးမှူး အသစ် ပြန်လည်ရွေးချယ်မည့်ကိစ္စအပေါ် အထက်သို့ ညှိနှိုင်းဆောင်ရွက်ပြီးမှသာ ဆက်လုပ်ဆောင်ရန် ကေအဲန်ယူ-ကရင်အမျိုး သားအစည်းအရုံးမှ အသိပေးစာ တစ်စောင်ထုတ်ပြန်ခဲ့သည်။ (KIC)

ကရင်နီအမျိုးသားတိုးတက်ရေးပါတီ (KNPP) တပ်ဖွဲ့ဝင်တွေ အသတ်ခံရသည့်ကိစ္စနှင့် ပတ်သက်ပြီး လွိုင်ကော်မြို့တွင် ဦးဆောင် ဆန္ဒပြခဲ့သူ ၅ ဦးအား ငြိမ်းချမ်းစွာ စုဝေးခွင့်နဲ့ စီတန်းလှည့်လည်ခွင့် ဥပဒေပုဒ်မ ၁၉ ဖြင့် အမှုဖွင့် ထားသည်ဟု အမှုဖွင့်ခံထားရသူတဦးဖြစ်သည့် ကယားပြည်နယ်(ကရင်နီ) ကျောင်းသားများသမဂ္ဂ (KSSU) ၏ ဥက္ကဋ္ဌ ကိုရဲမင်းကျော်မှ ဒီဇင်ဘာလ ၃၁ ရက်နေ့တွင် ပြောဆိုခဲ့သည်။ (RFA)

လင်းခေးမြို့၌ ရှမ်းအဖွဲ့အစည်းများအား အစည်းအဝေးခေါ်ယူကာ ဇန်နဝါရီလ ၁၂ ရက်တွင် ကျင်းပရန် လျာထားထားသည့် ရှမ်းလူမျိုးအလိုက် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲ ပြုလုပ်ရန် သင့်မသင့်ကို ဆုံးဖြတ်ချက် ရယူမည်ဟု ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ်ပါတီ (SNLD) မှ တွဲဖက်အတွင်းရေးမှူး (၂) စိုင်းကျော်ညွှန့်မှ ပြောခဲ့သည်။ ထိုသို့ အစည်းအဝေး ခေါ်ယူရခြင်းမှာ ဇန်နဝါရီလ ၇ ရက်၊ ၈ ရက်၊ ၉ ရက်နေ့များတွင် တောင်ကြီးမြို့တွင် ကျင်းပရန် ရည်ရွယ်ထားသည့် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲ အကြိုဆွေးနွေးပွဲအား ပိတ်ပင်ခဲ့ခြင်းကို ခွင့်ပြုပေးရန် အစိုးရ၊ တပ်မတော် တို့နှင့် ညှိနှိုင်းရာတွင် ပြေလည်မှု မရရှိခဲ့ခြင်းကြောင့် ဖြစ်သည်။ အကယ်၍ ဆွေးနွေးပွဲ ပြုလုပ်ခွင့် မရပါက တတိယအကြိမ်မြောက် ငြိမ်းချမ်းရေး ညီလာခံ (UPC) သို့ တင်ပြစရာ မရှိသောကြောင့် တက်ရောက်မည်လည်း မဟုတ်ကြောင်း သျှမ်းပြည်ညီညွတ်ရေးကော်မတီ CSSU အလှည့်ကျ ဥက္ကဋ္ဌ သျှမ်းပြည်တပ်မတော် RCSS/SSA ခေါင်းဆောင် ဗိုလ်ချုပ်ကြီးယွက်စစ်က ပြောခဲ့သည်။ (TheLadies) (BNI) (PangLong)

ဇန်နဝါရီ ၅ ရက်နေ့ နံနက်ပိုင်းတွင် ကယားပြည်နယ်၊ လွိုင်ကော်မြို့တွင် အရပ်သား ၁ ဦးနှင့် KNPP တပ်ဖွဲ့ဝင် ၃ ဦး သေဆုံးခဲ့သည့်ကိစ္စ အပေါ် အမှုမှန်ပေါ်ပေါက်ရေး ဆန္ဒဖော်ထုတ်ခဲ့သည့် လူငယ် ၅ ဦး အား တရားစွဲဆိုခံခဲ့ရသည့်ကိစ္စနှင့် ပတ်သက်ပြီး ဒေသခံ ၁၀၀၀ ကျော်ခန့် လွိုင်ကော်မြို့တစ်ဝိုက် လှည့်လည် ဆန္ဒပြခဲ့သည်။ ဆန္ဒထုတ်ဖော်ရာတွင် ဦးဆောင်သူများမှ KNPP ရဲဘော်များ အသတ်ခံရသည့် ကိစ္စကို ကယား ပြည်နယ်ဝန်ကြီးချုပ် အပါအဝင်ပြည်နယ်အစိုးရအဖွဲ့ တာဝန်ရှိသူများမှ ဖြေရှင်းပေးရန်၊ လူထုနှင့် အတူ ရပ်တည်ရန် တောင်းဆိုခဲ့ကြသည်။ ဆန္ဒဖော်ထုတ်ခဲ့သည့် လူငယ် ၅ ဦး အနက်မှ ၁ ဦးဖြစ်သည့် ကိုဒီးဒီမှ **" အဓိကတော့ အစိုးရအနေနဲ့ တာဝန်ယူ တာဝန်ခံမှုရှိအောင် နောက်တစ်ခုက လူ ၅ယောက် တရားစွဲဆိုခံရတာကို ရုတ်ချတယ်ပေါ့နော်၊ နောက်တစ်ခုက တရားမျှတမှု ဖော်ဆောင်ရေး၊ နောက် မတရားသတ်ဖြတ်မှုတွေကို ဆန့်ကျင်ရှုတ်ချအောင်ပေါ့ ။ အဲ့လိုကြွေးကြော်သံတွေနဲ့ ဆန္ဒထုတ်ဖော်တာ "** ဟု ပြောခဲ့သည်။ ပထမအကြိမ် ရုံးချိန်းခေါ်ယူစစ်ဆေး သည့် ဇန်နဝါရီ ၅ ရက်နေ့တွင် ကရင်နီပြည်လူငယ်များသမဂ္ဂအဖွဲ့မှ ကိုမျိုးလှိုင်ဝင်း၊ ခွန်းဂျွန် ပေါလ်၊ ခွန်းရဲမင်းကျော်၊ ခွန်းဘိုဘိုနှင့် ကိုဒီးဒီ တို့ ၅ဦးသည် တရားသူကြီးထိုးခိုင်းခဲ့သည့် ခံဝန်ကတိနှင့် အာမခံအားပယ်ခြင်းကြောင့် ထိန်းသိမ်းခဲ့ခြင်းဖြစ်သည်ဟု ကရင်နီပြည် တောင်သူလယ်သမားသမဂ္ဂ ဥက္ကဋ္ဌ ခူသူရယ်မှပြောဆိုခဲ့သည်။ (Mizzima) (7Day) (RFA) (Mizzima)

ဇန်နဝါရီလ ၅ရက်နေ့တွင် မြစ်ဆုံစီမံကိန်းရပ်ဆိုင်းရန်အတွက် ဒေသခံများမှ မြန်မာနိုင်ငံ ရေအားလျှပ်စစ်ကဏ္ဍအတွက် မဟာဗျူဟာမြောက် ပတ်ဝန်းကျင်ဆိုင်ရာ ဆန်းစစ်ချက် (SEA) အား ဖွံ့ဖြိုးရေးအတွက် အထက်ဧရာဝတီမြစ်ဝှမ်းဒေသ အလုပ်ရုံဆွေးနွေးပွဲ ကျင်းပသည့် Palm Spring Resort အရှေ့တွင် ဆန္ဒဖော်ထုတ်ရန်ကြိုးပမ်းခဲ့သော်လည်း ဆန္ဒထုတ်ဖော်မည့် အစီအစဉ်အား အချိန်မီ တင်ပြခြင်း မရှိသောကြောင့် သက်ဆိုင်ရာမှ ခွင့်ပြုချက်မရရှိခဲ့ကြောင်း ကချင်လူမှု ဖွံ့ဖြိုးတိုးတက်ရေး (KDNG)မှ အမျိုးသမီး စီမံကိန်း ညှိနှိုင်းရေးမှူး မအောင်ဂျာမှ ပြောဆိုခဲ့သည ။ (Myitkyina News )

ဇန်နဝါရီ ၆ ရက်နေ့တွင် လွိုင်ကော်မြို့၌ကရင်နီ အမျိုးသား တိုးတက်ရေးပါတီ(KNPP)တပ်ဖွဲ့ဝင်သုံးဦးနှင့် အရပ်သားတစ်ဦး အသတ်ခံရသည့်ကိစ္စအဖြစ်မှန် ပေါ်ပေါက်ရန် အခင်းဖြစ်ပွားစဉ်က လွတ်မြောက်လာသူမောင်လာအမည်ရှိ KNPPတပ်ဖွဲ့ဝင်အား မြန်မာတပ်မတော်စုံစမ်း စစ်ဆေးရေးခုံအဖွဲ့ထံ အစစ်ခံမည်ဟု KNPP စစ်ဦးစီးချုပ်ဗိုလ်ချုပ်ဘီထူးမှ ပြောခဲ့သည်။ **"ကျွန်တော်တို့ဟာ အစိုးရ ရော၊ တပ်မတော်ရောကို လွတ် မြောက်တဲ့ရဲဘော်တစ်ယောက် ကို အစစ်ဆေးခံမယ်လေ။ အဲဒါ ကို စီစဉ်နေတယ်"** ဟု ဗိုလ်ချုပ်ဘီထူးမှ ပြော သည်။ (7Day)

ရှမ်းလူမျိုးအလိုက် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲမတိုင်မီ တောင်ကြီးတွင် ပြုလုပ်မည့် အကြိုလူထုဆွေးနွေးပွဲ ကျင်းပရန် အစိုးရနှင့် ညှိနှိုင်းမှုအဆင်မပြေသဖြင့် မလုပ်ဖြစ်တော့ကြောင်း ဇန်နဝါရီ ၆ ရက်နေ့တွင်ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ် (SNLD) ပြောရေး ဆိုခွင့်ရှိသူ ဦးစိုင်းကျော်ညွှန့်မှ 7Day သတင်းဌာနအား ပြောခဲ့သည်။**"တောင်ကြီးအကြိုဆွေးနွေး ပွဲက အစိုးရရော၊ တပ်နဲ့ရော ညှိ နှိုင်းတယ်။ အဆင်မပြေဘူး။ အဲဒါကြောင့်မို့လို့ ကျွန်တော်တို့ မလုပ် ဖြစ်တော့ပါဘူး။ တောင်ကြီးက လုပ်ခွင့်မပေးဘူးပေါ့လေ။ ပေးမ လုပ်ဘူးဆိုတော့ လင်းခေးလုပ် မယ့်ကိစ္စကလည်း လုပ်ရမလား၊ မလုပ်ရဘူးလားဆိုတာကတော့ ပြန်တိုင်ပင်ရမှာပေါ့"**ဟု ဦးစိုင်း ကျော်ညွှန့်မှ ပြောခဲ့သည်။ (7Day)

ဇန်နဝါရီ ၇ ရက် မွန်းတည့် ၁ နာရီခန့်တွင် လွိုင်ကော်မြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနမှဦးဆောင်ပြီး ကရင်နီအမျိုးသားတိုးတက်ရေးပါတီ (KNPP)၏ ရဲဘော်သုံးဦးနှင့် အရပ်သားတစ်ဦး သတ်ဖြတ်ခံရသည့်အပေါ် ဆန္ဒ ထုတ်ဖော်ရာတွင် ဦးဆောင်သူ ခွန်ရဲမင်းကျော် အပါအဝင် ငါးဦးနှင့်ပတ်သက်၍ ပြည်သူများသို့ ပြန်ကြားချက်နှင့် သတင်းစာ ရှင်းလင်းပွဲပြုလုပ်ခဲ့သည်။ ပြည်နယ်အစိုးရ အဖွဲ့အနေဖြင့် ဖြစ်စဉ်အပေါ် စီစဉ်ဆောင်ရွက်နေကြောင်း။ ကျန်သည့်ကိစ္စရပ်များတွင် တပ်ပိုင်းဆိုင်ရာ ကိစ္စများဖြစ်သည့်အတွက် အရင်းခံ အကြောင်းအရာအား မသိရှိရကြောင်းလည်း လွိုင်ကော်မြို့နယ်အထွေထွေ အုပ်ချုပ်ရေးမှူး ဦးကျော်မိုးမှ ပြောခဲ့သည်။ (Eleven)

ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့် နိုင်ငံရေးဆွေးနွေးပွဲမှုဘောင် မှန်ကန်မှုရှိ၊ မရှိအစိုးရနှင့် တပ်မတော်ပြန်လည်သုံးသပ်ရန် လိုအပ် ကြောင်း ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ် (SNLD) ပြောရေးဆိုခွင့်ရှိသူ ဦးစိုင်းလိတ်မှ ပြောခဲ့သည်။ **"တကယ်တမ်း ဖြစ်သင့်တာ ကတော့ NCA လမ်းကြောင်းက သွားနေတဲ့ ပုံစံမှန်ရဲ့လား၊ နောက် တော့ နိုင်ငံရေးဆွေးနွေးရေးမူ ဘောင်ကော ကိုက်ရဲ့လားပေါ့။ အဲဒါတွေကို အစိုးရနဲ့ တပ်မတော် ဘက်က သေသေချာချာပြန်ပြီး တော့ သုံးသပ်ဖို့လိုအပ်တယ်။ ပြီး တော့မှ ဒီလက်မှတ်ထိုးထားတဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ တွေနဲ့ အကျေအလည်ပြန်ပြီးဆွေး နွေးဖို့ လိုအပ်တယ်။ အဲဒီလို မလုပ်ဘဲနဲ့ ဆိုရင်တော့ လက်မှတ်မထိုး ရသေးတဲ့ သူတွေကို ဆွဲဆောင် စည်းရုံးနိုင်မှာ မဟုတ်သလို လက် မှတ်ထိုးပြီးသား ပုဂ္ဂိုလ်တွေကို လည်းပဲ ငြိမ်းချမ်းရေးသွားနေတဲ့ လမ်းစဉ်မှာ စိတ်ပျက်စေတဲ့ အနေ အထားမျိုးကိုတွန်းပို့သလို ဖြစ် လိမ့်မယ်"**ဟု ဦးစိုင်းလိတ်မှ ပြောခဲ့သည်။ (7Day)

ဇန်နဝါရီလ ၁၂ ရက်နေ့တွင် နံနက် ၀၄း၀၀ နာရီမှ နေ့လည် ၁၁း၄၅ နာရီအချိန်ထိ တအန်းပြည်နယ် လွတ်မြောက်နယ်မြေ တစ်နေရာ၌ ပလောင်ပြည်နယ်လွတ်မြောက်ရေးတပ်ဦး/တအန်းအမျိုးသားလွတ်မြောက်ရေးတပ်မတော် (PSLF/ TNLA)၏ " ၅၅ " နှစ်ပြည့် တော်လှန်ရေးနေ့ အခမ်းအနား ပြုလုပ်ခဲ့သည်။ အခမ်းအနားသို့ မြန်မာအမျိုးသားဒီမိုကရေစီ မဟာမိတ် တပ်မတော် MNDAA၊ တအန်းရဟန်းသံဃာတော်များ၊ (PSLF/TNLA)မှ ဗဟိုကော်မတီဝင်များ စစ်ဦးစီး အရာရှိအရာခံများ တပ်မှူးများနှင့် တပ်ဖွဲ့ဝင်များ စုစုပေါင်း အင်အား ၁၀၀၀ ကျော် တက်ရောက်ခဲ့သည်။ (TNLA) (TheArakanArmy) (FPNCC)

ဇန်နဝါရီလ ၁၂ ရက်နေ့မှ စတင်ပြီး ၁၃ ရက်နေ့အထိ ပဲခူးမြို့၌ မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများ ဒီမိုကရက်တစ်တပ်ဦး (ABSDF) ဦးဆောင်သော ၂၁ ရာစု ပင်လုံ ပြည်ထောင်စု ငြိမ်းချမ်းရေးညီလာခံ တတိယအစည်းအဝေးအကြို လူထုဆွေးနွေးပွဲအား ခွင့်ပြုချက်ယူပြီးမှ လုပ်ရန် ပဲခူးတိုင်း နယ်စပ်ရေးရာနဲ့ လုံခြုံရေးဝန်ကြီးက လာရောက်ပြောဆို ဟန့်တားခဲ့သည်ဟု ဆွေးနွေးပွဲ တက်ရောက်သူများက ပြောခဲ့သည်။ ဆွေးနွေးပွဲအား လာရောက်ဟန့်တားမှုများ ရှိသော်လည်း ဆက်လက် ပြုလုပ်ခဲ့သည်။ (RFA)

## သဘောထားထုတ်ပြန်ချက်

- **CSOs**

ဇန်နဝါရီလ ၃ ရက်နေ့ တွင် တအာင်း(ပလောင်) ဥပဒေအထောက်အကူပြုအဖွဲ့တာဝန်ခံ မိုင်းမျိုးအောင်ကို ယခင်လ ဒီဇင်ဘာလ (၂၁)ရက်က ရှမ်းပြည်နယ်၊ မူဆယ်မြို့၊ ကောင်းမှုတုံရပ်ကွက်ရှိ သေနတ်ပစ်ခတ်မှုတွင် ပြည်သူစစ် တစ်ဦး သေဆုံးခဲ့ပြီး တစ်ဦး ဒဏ်ရာရရှိခြင်းတို့ကြောင့် မူဆယ်ရဲစခန်းမှ မသင်္ကာမှုဖြင့် ဖမ်းဆီးချုပ် နှောင်ထားပြီး အထောက်အထားမဲ့ပုဒ်မတပ်ခြင်းအပေါ် ရုပ်သိမ်းပေးပြီး နိုင်ငံသားအခွင့်အရေး အရ ဥပဒေ အကာအကွယ် ပေးမှုကို အမြန်ဆုံးဆောင်ရွက်ပေးရန် မြန်မာနိုင်ငံလုံးဆိုင်ရာ တိုင်းရင်းသားလူငယ်များ မဟာမိတ်(NEYA) က ထုတ်ပြန်တောင်းဆိုခဲ့သည်။ NEYA ၏ ပြောခွင့်ရ ဆလိုင်းမွန်ဘွေက အထောက်အထားမဲ့ဖမ်းဆီးခြင်း၊ ညဉ်းပန်းနှိပ်စက်၍ ဝန်ခံချက် အတင်းရေးခိုင်းခြင်း၊ ဇနီးသည်နှင့် ဥပဒေပြုအဖွဲ့မှ အပ ကျန်သူများနှင့် ပေးမတွေ့ခြင်းများကြောင့် ထုတ်ပြန်တောင်းဆိုခြင်း ဖြစ်ကြောင်း ပြောဆိုခဲ့ပြီး တာဝန်ကျ ဒုရဲအုပ် စောမြင့်ဇော်မှ အဆိုပါ တောင်းဆိုချက် အချက်များမှာ မမှန်ကန်ကြောင်း ပြန်လည် ပြောဆိုခဲ့သည်။ (KIC) (DVB)

- **Political Parties**

ဇန်နဝါရီလ ၂ ရက်နေ့တွင် မော်လမြိုင်မြို့ပိုင်ခေတ်ခန်းမ၌ မွန်အမျိုးသားပါတီ (MNP) နှင့် မွန်ဒေသလုံးဆိုင်ရာ ဒီမိုကရေစီပါတီ (AMDP)နှစ်ပါတီ၏ ထိပ်ပိုင်းခေါင်းဆောင်များ ပါဝင်သည့် ပထမဆုံးအကြိမ်တွေ့ဆုံ ပွဲပြုလုပ်ခဲ့သည်။ အဆိုပါတွေ့ဆုံပွဲအပြီးတွင် နှစ်ပါတီ ကိုယ်စားလှယ်များ တစ်လတစ်ကြိမ် တွေ့ဆုံပွဲပြုလုပ်ရန်၊ အမျိုးသားနိုင်ငံရေးတွင် နှစ်ပါတီ ပူးပေါင်းလုပ်ဆောင်ရန်၊ ၂၁ ပင်လုံညီလာခံ လူမျိုးအလိုက် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲကို နှစ်ပါတီ ပူးပေါင်းဆောင်ရွက်နိုင်ရေး ဆက်လက်ဆွေးနွေးရန် စတဲ့ အချက် ၇ ချက်ပါသည့် နှစ်ပါတီ ပူးတွဲထုတ်ပြန်ချက်ကိုလည်း ထုတ်ပြန်ခဲ့သည်။ နှစ်ပါတီခေါင်းဆောင်များက ပါတီဖွဲ့စည်းပုံများအား အပြန်အလှန်ပေးပို့သွားပြီး ယုံကြည်မှု တည်ဆောက်သွားမည်ဟုလည်း ကြေညာချက်တွင် ပါရှိခဲ့သည်။ (RFA)

ဇန်နဝါရီလ ၄ ရက်နေ့တွင် ကျရောက်ခဲ့သော နှစ် (၇၀) မြောက် လွတ်လပ်ရေးနေ့တွင် အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်မှ ကြေညာချက်ထုတ်ပြန်ခဲ့သည်။ ကြေညာချက်တွင် ရခိုင်ပြည်နယ်မြောက်ပိုင်းအရေးသည် မြန်မာနိုင်ငံ၏ အချုပ်အခြာအာဏာအပေါ် စိန်ခေါ်မှုဖြစ်သည်ဟု ကြေညာခဲ့ပြီး ကုလအဖွဲ့နှင့် နိုင်ငံကြီးများမှ မြန်မာနိုင်ငံအပေါ် ရန်ငြိုးထားပိတ်ဆို့မှုများအပေါ် အမှန်တရားနှင့် လက်တွေ့ဆောင်ရွက်ချက်များဖြင့်သာ တုန့်ပြန်သွားမည်ဟု ထုတ်ပြန်ခဲ့သည်။ ထို့အပြင် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ ၂၁ ရာစုပင်လုံမှာ ၂၀၁၈ ခုနှစ်အတွင်း ထူးခြားသော အောင်မြင်မှုများ ရရှိလိမ့်မည်ဟု ယုံကြည်ကြောင်းလည်း ထုတ်ပြန်ချက်တွင် ပါခဲ့သည်။ **(VOA) (EMG)**

ကချင်ပြည်နယ်တွင် အကြီးစားစီမံကိန်းများကို ထောက်ပံ့မည့်အစား စစ်ဘေးဒုက္ခသည်များ ကူညီရေးနှင့် နိုင်ငံရေးဆွေးနွေးပွဲများဖြင့် ငြိမ်းချမ်းစွာ ဖြေရှင်းခြင်းကိုဦးစားပေးဆောင်ရွက်ရန် တိုက်တွန်းကြောင်း ကချင်နိုင်ငံ ရေးပါတီများ ညှိနှိုင်းပူးပေါင်း ဆောင်ရွက်ရေး ကော်မတီ (KPCC)မှ ဇန်နဝါရီ ၅ ရက်နေ့ရက်စွဲဖြင့် ကြေညာချက်ထုတ်ပြန်ခဲ့သည်။ (7Day)

ဇန်နဝါရီလ ၁၃ ရက်နေ့မှာ စတင်ကျင်းပမည့် မွန်ပြည်သူ့ညီလာခံ (မွန်နိုင်ငံရေး ညီလာခံ) သည် မွန် တစ်မျိုးသားလုံးကို ကိုယ်စားမပြုတာကြောင့် အသိအမှတ်မပြုကြောင်းနှင့် ပါတီကိုယ်စားလှယ်တွေ တက်ရောက်မှာ မဟုတ်ကြောင်း မွန်အမျိုးသားပါတီနှင့် မွန်ဒေသလုံးဆိုင်ရာ ဒီမိုကရေစီပါတီတို့မှ ဇန်နဝါရီလ ၇ရက်နေ့ ရက်စွဲဖြင့် သီးခြားစီ ကြေညာချက်ထုတ်ပြန်ခဲ့သည်။ (RFA) (7Day) (Eleven)

- **EAOs**

၂၀၁၈ ခုနှစ် ဇန်နဝါရီ ၅ ရက်နေ့ မနက်၈ နာရီခွဲမှ ညနေ ၅ နာရီအထိ ကရင်အမျိုးသား လွတ်မြောက်ရေးတပ်မတော် (KNLA) ဗဟို ဌာနချုပ်တွင်ကျင်းပသည့် KNLA ၏ တပ်မှူးများ အစည်းအဝေး၌ ၂၁ ရာစု ပင်လုံ ညီလာခံ (ဒုတိယအကြိမ်)ကို မကျင်းပသေးဘဲ ဆိုင်းငံ့ထားရန်နှင့် မဆိုင်းငံ့ဘဲကျင်းပလျှင် KNLA အနေဖြင့် တက်ရောက်မည် မဟုတ်ဟု ဆုံးဖြတ်ခဲ့သည်။ ထို့ပြင်လက်နက် ဖြုတ်သိမ်းရေး၊ တပ်ဖျက်သိမ်းရေး၊ ပြန်လည်ပေါင်းစည်းရေး (DDR) နှင့် လုံခြုံရေးကဏ္ဍပြုပြင် ပြောင်းလဲရေး (SSR) ဆိုင်ရာများကိုလည်း ဆွေးနွေးခဲ့ကြကြောင်း KNLA စစ်ရေးချုပ်ရုံး တွဲဖက်ဒုစစ်ရေးချုပ် ဗိုလ်မှူးချုပ် ရှားထူဝေါ်မှ ပြောခဲ့သည်။ (Irrawaddy) (KIC) (RFA) (VOA) (7Day)

ကချင်အမျိုးသားအစည်းအရုံး (KNO)မှ မြန်မာ့တပ်မတော်ရဲ့ ကချင်ပြည်နယ်အပါအဝင် နိုင်ငံအနှံ့အပြားမှာ လူ့အခွင့်အရေး ချိုးဖေါက်နေတာတွေကို ရှုတ်ချကြောင်း ဇန်နဝါရီလ ၅ ရက်နေ့ ရက်စွဲဖြင့် ကြေငြာချက်တစောင်ထုတ်ပြန်ခဲ့သည်။ (RFA)

၂၀၁၈ ခုနှစ်၊ ဇန်နဂါရီလ (၆) ရက်နေ့မှ (၈) နေ့အထိ ထိုင်းနိုင်ငံချင်းမိုင်မြို့၌ ကျင်းပခဲ့သည့် ညီညွတ်သောတိုင်းရင်းသားလူမျိုးများ ဖက်ဒရယ်ကောင်စီ (UNFC) ၏ ဗဟိုအလုပ်အမှုဆောင်ကော်မတီ (တိုးချဲ့) အစည်းအဝေးမှ ထုတ်ပြန်ချက်တစောင်ထုတ်ခဲ့သည်။ အစည်းအဝေးအပြီး မီဒီယာများနှင့် တွေ့ဆုံရာတွင် နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၊ တပ်မတော် ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် UNFC မှ ထိပ်ပိုင်းခေါင်းဆောင်တွေ တွေ့ဆုံပြီး အပစ်အခတ်ရပ်စဲရေးလက်မှတ်ရေးထိုးရန် ဆွေးနွေးသည့်အခါ ပြေလည်မှုမရရှိဘဲ အခက်အခဲများဖြစ်မည်ကို ငြိမ်းချမ်းရေးကော်မရှင်မှ စိုးရိမ်မှုတွေရှိနေကြောင်း UNFC ရဲ့ ဗဟိုအလုပ်မှုဆောင်ကော်မတီဝင် ဦးထွန်းဇော်မှ ပြောခဲ့သည်။ ထို့ပြင် မွန်ပြည်သစ်ပါတီ (NMSP) သည် ၂၁ ရာစုပင်လုံ တတိယအကြိမ် အစည်းအဝေး မတိုင်ခင်တွင် NCA လက်မှတ်ရေးထိုးမည် သတင်းများ ထွက်ပေါ်နေခြင်းနှင့် ပတ်သက်ပြီး "**UNFC အဖွဲ့ဝင်များသည် အစည်းအဝေး ဆုံးဖြတ်ချက်အတိုင်း ရပ်တည်နေသည်**"ဟု ဦးထွန်းဇော်မှ ပြောခဲ့သည်။ (UNFC) (MOI) (The Ladies) (DVB) (RFA) (BBC) (Mizzima) (KIC)

သျှမ်းလူမျိုးအလိုက် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲနှင့် ပတ်သက်၍ သတင်းထုတ်ပြန်ချက်ကို သျှမ်းပြည် ပြန်လည်ထူထောင် ရေးကောင်စီ (RCSS) မှ ဇန်နဝါရီရရက်နေ့ရက်စွဲဖြင့် ကြေညာချက် ထုတ်ပြန်ခဲ့သည်။ နိုင်ငံရေးဆွေးနွေးပွဲရပ်ဆိုင်းလိုက်ခြင်းနှင့် ပတ်သတ်ပြီး " **ကျနော်တို့ လူထုနဲ့ ကွင်းဆင်းတွေ့ရာမှာလဲ တပ်မတော်က ဟန့်တားတယ်။ တောင်ကြီးမှာ အကြို လုပ်ဖို့ပြင်ရာမှာလဲ ပေးမလုပ်ဘူး။ ဒါ့ကြောင့် လင်းခေးမှာမလုပ်ဖြစ်တာပါ။ ဘယ်တော့ လုပ်မလဲ ဆိုတာတော့ နှစ်ဘက်ပြန်လည် ညှိနှိုင်းပြီးတော့မှဘဲ ပြောနိုင်မယ်**"ဟု RCSS/SSA တောင်ပိုင်းရဲ့ ပြောရေးဆိုခွင့်ရှိသူ ဒုဗိုလ်မှူးကြီး စိုင်းဦးမှ ပြောခဲ့သည်။ (NCA-S-EAO) (Shan News) (Mizzima) (BBC) (VOA) (RFA) (Irrawaddy)

ဒီဇင်ဘာလ ၁၉ ရက်နေ့တွင် ဖြစ်ခဲ့သည့် ကရင်နီ KNPP ရဲဘော် ၃ ဦး နှင့် အရပ်သား ၁ ဦးသေဆုံးမှုဖြစ်စဉ်ကို ကန့်ကွက်ဆန္ဒပြသည့် လူငယ် ၅ ဦးကို တရားစွဲဆို ချုပ်နှောင်မှုတွေ လုပ်လာသည့်အတွက် စိုးရိမ်ပူပန်မိပြီး ဖြစ်စဉ် နှစ်ခုစလုံးအတွက် ပြင်းထန်စွာရှုတ်ချကြောင်း ဇန်နဝါရီလ ၉ ရက်နေ့ ရက်စွဲဖြင့် ကရင်နီလူမျိုးပေါင်းစု လွတ်မြောက်ရေး တပ်ဦး လူငယ် (KNPLF) လူငယ်အဖွဲ့မှ ကြေညာချက် တစောင်ထုတ်ပြန်ခဲ့သည်။ (BBC)

ဇန်နဝါရီလ ၁၀ရက်နေ့မှ ၁၉ ရက်နေ့ထိ အစဉ်အဆက် နှစ်စဉ်ကျင်းပမြဲဖြစ်သည့် ကယားပြည်နယ်နေ့ပွဲတော်တွင် လုံခြုံရေး စိတ်မချကြောင်း ကောလဟာလသတင်းကြောင့် မစိုးရိမ်ကြရန် ကရင်နီအမျိုးသားတိုးတက်ရေး ပါတီ(KNPP)မှ ဇန်နဝါရီလ ၁၀ ရက်နေ့ရက်စွဲဖြင့် ကြေညာချက်တစ်စောင် ထုတ်ပြန်ခဲ့သည်။ (Kandarawaddy)

ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ ၂၁ ရာစု ပင်လုံ တတိယအကြိမ် အစည်းအဝေးကို နိုင်ငံရေးဆွေးနွေးပွဲဆိုင်ရာ လုပ်ငန်းစဉ်အဆင့်ဆင့် အကောင်အထည်ဖော်ပြီးမှသာ ဆက်လက်ပြုလုပ်သွားမည်ဟု (NCA)အပစ်အခတ်ရပ်စဲရေးစာချုပ် လက်မှတ်ထိုးထားသည့် အဖွဲ့များက ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ဦးဆောင်အဖွဲ့ (PPST) အရေးပေါ်အစည်းအဝေးအပြီး ဇန်နဂါရီ ၁၂ ရက်နေ့တွင် သတင်းထုတ်ပြန်ခဲ့သည်။ (Mizzima) (BBC) (VOA) (NCA-EAOs)

- **Gov & Military**

ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ် (မြောက်ပိုင်း) ရှိ နယ်မြေခံ နောက်တန်း တပ်ဌာနချုပ်များ၊ လားရှိုး-မူဆယ်ပြည် ထောင်စု ကားလမ်းမကြီးပေါ်ရှိ လုံခြုံရေးစခန်းများနှင့် မူဆယ် ၁၀၅ မိုင်ကုန်သွယ်ရေး ဇုန်တို့တွင် တိုက်ခိုက်ခံရခြင်းနှင့်ပတ်သတ်၍ ကချင်လွတ်မြောက်ရေး တပ်မတော်(KIA) နှင့် တအာင်းအမျိုးသား လွတ်မြောက်ရေး တပ်မတော် (TNLA) တို့သည် လက်နက်ကိုင်လမ်းစဉ်ကို ရေရှည်လုပ်ဆောင်ရန် ရည်ရွယ်ဆောင်ရွက်နေဟု တပ်မတော် ကာကွယ်ရေးဦးစီးချုပ်ရုံးမှ ဇန်နဝါရီလ ၂ ရက်နေ့တွင် ကြေညာချက်ထုတ်ပြန်ခဲ့သည်။ TNLA ဘက်မှ အဆိုပါဖြစ်စဉ်တွင် KIA ပါဝင်ခြင်း မရှိကြောင်းနှင့် TNLA နဲ့ ငြိမ်းချမ်းရေးကို လိုလားသော်လည်း မြန်မာ့တပ်မတော်မှ ထိုးစစ်ဆင်ခြင်းကြောင့်သာ ခံစစ်ဆင်နွှဲရခြင်းဖြစ်ကြောင်း သတင်းမီဒီယာများအား ထုတ်ဖော်ပြောဆိုခဲ့သည်။ KIA ဘက်မှလည်း နိုင်ငံရေးအရ ဆွေးနွေးအဖြေရှာခြင်းသည်သာ KIA ၏ မူဝါဒဖြစ်ကြောင်း၊ တပ်မတော်ဘက်မှ KIA အား အကြမ်းဖက်အဖွဲ့အစည်းအဖြစ် သုံးနှုန်းခြင်းသည် ငြိမ်းချမ်းရေးကို ထိခိုက် စေနိုင်သည်ဟု KIA ဗိုလ်မှူးကြီး နော်ဘူမှ ပြောခဲ့သည်။ (Irrawaddy) (Eleven) (7day) (RFA) (Military)

ဇန်နဝါရီ ၉ရက်နေ့တွင် ကရင်ပြည်နယ် မဲသဝေါဒေသ၌ တပ်မတော်လက်အောက်ခံနယ်ခြား စောင့်တပ် (BGF) နှင့် တိုက်ပွဲဖြစ်ပွားနေသည့် တိုးတက်သော ဗုဒ္ဓဘာသာကရင်အမျိုးသားတပ်မတော် (DKBA) မှ တပ်သား ၁၀ ဦး လက်နက်ချခဲ့ကြောင်း တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်ရုံးမှ သတင်း ထုတ်ပြန်ခဲ့သည်။ (MMTimes) (Military)

ဇန်နဝါရီ ၁၀ရက်နေ့ နံနက် ၃ နာရီခွဲခန့်တွင် ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ နောင်ချိုမြို့နယ်၊ နောင်ချိုမြို့၏ အနောက်ဘက် ၂၄ မိုင်ခန့်အကွာ ပြင်ဦးလွင်-မိုးကုတ်သွား ကားလမ်းအနောက်ဘက်ရှိ သပြေဒိုးကျေးရွာအတွင်းSSA (ဝမ်ဟိုင်း) အဖွဲ့မှ မြို့နယ်မှူးအဆင့်ရှိ စိုင်းမိုးအောင် အပါအဝင်အဖွဲ့ဝင် ၅ ဦးကို လက်နက်ငယ် ၅ လက်၊ ကျည်အိမ် ၄ ခု၊ ကျည်မျိုးစုံ ၇၈ တောင့်၊ လက်ကိုင်ဖုန်း ၂ လုံး၊ Tablet ၁ လုံး၊ ဆက်ကြေးကောက်ခံရာတွင် အသုံးပြုသည့် စာရွက်စာတမ်းများနှင့်အတူ ဖမ်းဆီးရမိခဲ့သည်ဟု တပ်မတော် ကာကွယ်ရေး ဦးစီးချုပ်ရုံးမှ သတင်း ထုတ်ပြန်ခဲ့သည်။ (Military) (Irrawaddy)

ဇန်နဝါရီ ၁၀ ရက်နေ့မှာ ကျရောက်သည့် ကချင်ပြည်နယ်နေ့ အခမ်းအနားကို ပေးပို့သော သဝဏ်လွှာတွင် ကချင်ပြည်နယ်သည် လက်နက်ကိုင်ပဋိပက္ခများကြောင့် ပြည်နယ်ထွက် သယံဇာတများအား ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ထိရောက်စွာ အသုံးပြုနိုင်ခြင်း မရှိကြောင်း သမ္မတ ဦးထင်ကျော်မှပြောဆိုခဲ့သည်။ (DVB) (7Day)

## ထူးခြားဖြစ်စဉ်

ဇန်နဝါရီလ နှစ်ရက်နေ့တွင် ကာကွယ်ရေးဦးစီးချုပ်(လေ) အပါအဝင် တပ်မတော်ထိပ်တန်းအရာရှိ စုစုပေါင်း ၁၃ ဦး၏ ရာထူးနေရာများ အပြောင်းအရွှေ့ဖြစ်ခဲ့သည်။ ကာကွယ်ရေးဦးစီးချုပ် (လေ) ဗိုလ်ချုပ်ကြီး **ခင်အောင်မြင့်** သက်ပြည့် အငြိမ်းစားယူခဲ့၍ ဗိုလ်ချုပ်ကြီး **မောင်မောင်ကျော်**အား ၎င်း၏နေရာ၌ ခန့်အပ်ခဲ့သည်။ ထို့အပြင် အလယ် ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး **ဗိုလ်ချုပ်ဝင်းဗိုလ်ရှိန်ကို** တပ်မတော် စစ်ဆေးရေးအရာရှိချုပ် အဖြစ်လည်းကောင်း၊ ကာကွယ်ရေး ဦးစီးချုပ်ရုံး (ကြည်း) မှ ဗိုလ်မှူးချုပ် **ကျော်စွာလင်းကို** အလယ်ပိုင်း တိုင်းစစ်ဌာနချုပ် တိုင်းမှူးအဖြစ် လည်းကောင်း၊ တပ်မတော်စစ်ဆေးရေး အရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီး **အေးဝင်း** ကိုကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) အမှတ် (၃) စစ်ဆင်ရေးအထူးအဖွဲ့မှူး (ကစထမှူး) အဖြစ်လည်းကောင်း၊ ကာကွယ်ရေး ဦးစီးချုပ်ရုံး (ကြည်း) အမှတ် (၃) စစ်ဆင်ရေးအထူး အဖွဲ့မှူး ဒုတိယဗိုလ်ချုပ်ကြီး **အောင်ကျော်ဇော** ကို ကာကွယ်ရေးဦးစီးချုပ် ရုံး (ကြည်း)အမှတ် (၆) စစ်ဆင်ရေး အထူး စစ်ဆင်ရေး အဖွဲ့မှူး အဖြစ်လည်းကောင်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) အမှတ် (၆) စစ်ဆင်ရေး အထူး စစ်ဆင်ရေး အဖွဲ့မှူး ဒုတိယဗိုလ်ချုပ်ကြီး **စိုးထွဋ်** ကို တပ်မတော်စစ်ဘက်ရေးရာ လုံခြုံရေး အရာရှိချုပ်အဖြစ် လည်းကောင်း၊ အမှတ် (၅) စစ်ဆင်ရေး ကွပ်ကဲရေးမှူး (စကခမှူး) ဗိုလ်မှူးချုပ် **အောင်ဇေယျကို** တပ်မတော် အရန်အင်အားသို့လည်းကောင်း၊ အမှတ် (၇) စစ်ဆင်ရေး ကွပ်ကဲရေးမှူး ဗိုလ်မှူးကြီး **ကိုကိုဦး** အား အမှတ် (၆) စစ်ဆင်ရေး ကွပ်ကဲရေးမှူးနှင့် စစ်ဦးစီးဗိုလ်မှူးချုပ် တာဝန်များကို ပူးတွဲထမ်းဆောင်ရန်လည်းကောင်း၊ စစ်ဦးစီးတက္ကသိုလ်နည်းပြ ဗိုလ်မှူးကြီး **ထွန်းမြတ်ရွှေ**သည် ဧရာဝတီတိုင်းဒေသ တိုင်းစစ်ဌာနချုပ် ဒုတိယ တိုင်းမှူးအဖြစ်လည်းကောင်း၊ ကာကွယ်ရေးဝန်ကြီးဌာန ပြန်လည်နေရာချထားရေး ညွှန်ကြားရေးမှူးရုံး **ဗိုလ်ချုပ်စိုးဝင်း** အား တပ်မတော်မှတ်တမ်း ညွှန်ကြားရေးမှူး အဖြစ်လည်းကောင်း၊ တပ်မတော် မှတ်တမ်း ညွှန်ကြားရေးမှူး ဗိုလ်မှူးချုပ် **ဝင်းလွင်**သည် ကာကွယ်ရေးဝန်ကြီး ဌာန ပြန်လည်နေရာချထားရေးတွင် ညွှန်ကြားရေးမှူးအဖြစ် လည်းကောင်း၊ အမှတ် (၁၅) စစ်ဆင်ရေး ကွပ်ကဲမှုဌာနချုပ် ဒုတိယစစ်ဆင် ရေးကွပ်ကဲရေးမှူး ဗိုလ်မှူးကြီး **မောင်မောင်ဝင်း** အား အမှတ် (၅) စစ်ဆင်ရေးကွပ်ကဲရေးမှူးအဖြစ် လည်းကောင်း၊ အမှတ် (၂၂) ခြေ မြန်တပ်မဌာနချုပ် ဒုတိယတပ်မမှူး ဗိုလ်မှူးကြီး **ကြည်နိုင်** အား အမှတ် (၇) စစ်ဆင်ရေးကွပ်ကဲရေးမှူး အဖြစ်သို့လည်ကောင်း အသီးသီး ပြောင်းရွှေ့ခြင်း၊ ခန့်အပ်တာဝန်ပေးခြင်းများ ပြုလုပ်ခဲ့သည်။ (7day) (Eleven) (7day)

ဇန်နဝါရီလ ၂ ရက်နေ့တွင် ကချင်ပြည်နယ် လိုင်ဇာမြို့၌ ဗဟိုကော်မတီအစည်းအဝေး (KIO) ကျင်းပခဲ့ပြီး ခေါင်းဆောင်အပြောင်းအလဲများ ပြုလုပ်ခဲ့သည်။ KIO ဥက္ကဋ္ဌဦးဇော်းဟရားသည် ကျန်းမာရေးအခြေအနေကြောင့် တာဝန်ကနေ အနားယူပြီး ဒုဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီး အင်ဘန်လမှ ဗဟိုကော်မတီ အစည်းအဝေး ဆုံးဖြတ်ချက်ဖြင့် အစားထိုးတာဝန်ယူခဲ့သည်။ "KIO ၏ ခေါင်းဆောင် ရွေးချယ်တာဖြစ်သလို KIOအတွင်း ဗဟိုကော်မတီဝင် ၃၀ ဦးနဲ့ ဗဟိုအမြဲ တမ်းကော်မတီဝင် ကိုးဦး ရှိနေပါတယ်။ KIO ခေါင်းဆောင်းပိုင်း အပြောင်းအလဲ ရှိပေမယ့် မူဝါဒရေးရာမှာတော့ ပြောင်းလဲသွားမှာ မဟုတ်ဘူး" ဟု ဗိုလ်မှူးကြီးနော်ဘူ ကပြောခဲ့သည်။ (Kachinwaves) (VOA) (RFA) (Eleven) (7day) (Popular) (BBC) (Kachinwaves) (7day)

ကချင်ပြည်နယ်၊ မိုးမောက်မြို့၏ အရှေ့ဘက် ၉ မိုင်ခန့်အကွာရှိ စိန်လုံပူးပေါင်း စစ်ဆေးဂိတ်တွင် တပ်မတော် သားများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများပါဝင်သော ပူးပေါင်း အဖွဲ့သည် ဒီဇင်ဘာ ၂၉ ရက် မွန်းလွဲပိုင်းတွင် ကချင်လွတ်မြောက်ရေးတပ်မတော် (KIA) ၏ ဗိုလ်ကြီးအဆင့်ရှိသူ ၁ ဦးအား ဖမ်းဆီးရမိခဲ့ကြောင်း ဇန်နဝါရီလ ၃ ရက် ညပိုင်းက တပ်မတော် ကာကွယ်ရေး ဦးစီးချုပ်ရုံးမှ သတင်းထုတ်ပြန်ခဲ့သည်။ (TheLadies) (Military)

ဇန်နဝါရီလ ၃ ရက်နေ့တွင် ကုလသမဂ္ဂ၌ အမေရိကန်နိုင်ငံခြားရေးဝန်ကြီး Rex Tillerson က မြောက်ကိုးရီးယား၏ နျူကလီးယားအရေး သတင်းစာ ရှင်းလင်းပွဲပြုလုပ်စဉ်အတွင်း အထိန်းသိမ်းခံထားရသည့် ကိုဝလုံးနှင့် ကိုကျော်စိုးဦး (Reutuer) သတင်းထောက် ၂ ဦးကို အမြန်ဆုံးလွှတ်ပေးရန် သို့မဟုတ် သူတို့ဘယ်မှာ ရှိနေတယ်ဆိုသည့် သတင်းအား ထုတ်ပြန်ပေးရန် တောင်းဆိုခဲ့သည်။ ထို့ပြင် ဒီမိုကရက်တစ် လူမှုအဖွဲ့အစည်းအတွင်းတွင် လူတိုင်းကို တန်းတူညီမျှသည့်အခွင့်အရေးနှင့် အကျိုးစီးပွားများ အပြည့်အဝရရှိအောင် မြန်မာအစိုးရအနေဖြင့် ဆောင်ရွက်ပေးရန် အမေရိကန်နိုင်ငံခြားရေးဝန်ကြီးက ဇန်နဝါရီ ၂ ရက်နေ့ ရက်စွဲဖြင့် ကြေညာချက်ထုတ်ပြန်ပြီး တိုက်တွန်းခဲ့သည်။ (RFA) (7day)

ဇန်နဝါရီ ၄ ရက်တွင် မွန်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာ အေးဇံ မှ **"မွန်ပြည်သစ်ပါတီ(NMSP)သည် မကြာမီကျင်းပမည့် ၂၁ ရာစုပင်လုံညီလာခံ တတိယအစည်းအဝေး မတိုင်မီ တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးသဘောတူစာချုပ်(NCA) လက်မှတ်ရေးထိုးမည်"** ဟု ပြောခဲ့သည်။ ဒီဇင်ဘာ ၂၈ ရက်နေ့တွင် မွန်ပြည်သစ်ပါတီ ဝယ်ဇင်စခန်း၌ မွန်ပြည်သစ်ပါတီဥက္ကဋ္ဌ နိုင်ထောမွန်နှင့် ဒေါက်တာအေးဇံတို့ တွေ့ဆုံဆွေးနွေးခဲ့စဉ် ဥက္ကဋ္ဌ နိုင်ထောမွန်မှ "UNFC မှာ အားလုံးလက်မှတ်ရေးထိုးကြဖို့ ပြောကြည့်မယ်။ UNFC တပ်ဖွဲ့အားလုံး လက်မှတ်မထိုးရင်လည်း မွန်ပြည်သစ်ပါတီအနေနဲ့ လက်မှတ်ရေးထိုးဖို့ ဆုံးဖြတ်ထားပါတယ်" ဟု ပြောကြားခဲ့ကြောင်း ဒေါက်တာအေးဇံမှ အတည်ပြုပြောကြားခဲ့သည်။ (7day)

ရခိုင်အမျိုးသားပါတီ (ANP)သည် ဇန်နဝါရီလ ၄ ရက်နေ့မှ စတင်ခဲ့ကာ ၇ ရက်နေ့အထိ လေးရက်ကြာ အစည်းအဝေးပြုလုပ်သွားခဲ့ ပြီး ANP ပါတီ ဥက္ကဋ္ဌ ဒေါက်တာ အေးမောင်နုတ်ထွက်စာတင်ခြင်းနှင့် ပတ်သတ်၍ ဆွေးနွေးဆုံးဖြတ်မည် ဖြစ်သည်။ အစည်းအဝေးတွင် ဒေါက်တာအေးမောင်အား နုတ်ထွက်ခွင့်မပြုရန်တင်ပြမှုများ ရှိခဲ့ပြီး မြို့နယ်များမှ စာတမ်း ၂၁ စောင်တင်သွင်းခဲ့သည်။ (Narinjara) (RFA) (Narinjara) (Eleven)

ရှမ်းပြည် ပြန်လည်ထူထောင်ရေး ကော်မတီ/ရှမ်းပြည်တောင်ပိုင်းတပ်ဖွဲ့ (RCSS/SSA) နှင့် အစိုးရအကြား အပစ်အခတ်ရပ်စဲရေး သဘော တူညီချက်များ (Tai Freedom) (Tai Freedom) (Tai Freedom) (Tai Freedom)

ဇန်နဝါရီလ ၄ ရက်နေ့တွင် စစ်တွေမြို့မှာ စတင်ကျင်းပသည့် ရခိုင်အမျိုးသားပါတီ ANP ဗဟိုကော်မတီအစည်းအဝေးမှာ မြို့နယ်ကိုယ်စားလှယ်တွေမှ ပါတီဥက္ကဋ္ဌ ဒေါက်တာအေးမောင်ကို ပါတီကနေ နုတ်ထွက်ခွင့်မပြုဖို့ တင်ပြမှုတွေရှိပေမယ့်နုတ်ထွက်စာကို ရုပ်သိမ်းမှာ မဟုတ်ကြောင်း ဒေါက်တာအေးမောင်မှ ပြောခဲ့သည်။ (RFA)

ဇန်နဝါရီ ၇ ရက်နေ့တွင် မဲသဝေါဒေသရှိ မြန်မာ့တပ်မတော်၊ ကရင်ပြည် နယ် နယ်ခြားစောင့်ပူးပေါင်းတပ်ဖွဲ့နှင့် တိုးတက်သော ဗုဒ္ဓဘာသာ ကရင်အမျိုးသားတပ်မတော် (DKBA) အမည်ဖြင့် ဖွဲ့စည်းထားသော ဒီကေဘီအေခွဲထွက်အဖွဲ့(KKO)မှ စောဇေ ယျာမြင့်ဦးဆောင်သော လက်နက်ကိုင် ၁၀ ဦးသည်ကရင်ပြည်နယ် လှိုင်ဘွဲ့မြို့နယ်အတွင်း တပ်မတော်စစ်ကြောင်း နှင့် ဆက်သွယ်ကာ နယ်မြေခံတပ်တွင် လက်နက်မျိုးစုံ ၁၀ လက်၊ ကျည်မျိုးစုံ ၈၂ တောင့်၊ ကျည်အိမ်မျိုးစုံ ကိုးခု၊ ၄၀ မမပုံးသီး သုံးလုံးတို့နှင့်အတူ လက်နက်ချခဲ့ကြောင်း ကရင်ပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး ကြည်လင်းမှ ပြောခဲ့သည်။ (7Day)

လေးရက်ကြာ ကျင်းပသည့် ရခိုင်အမျိုးသားပါတီအစည်းအဝေးမှ ပါတီဥက္ကဋ္ဌဒေါက်တာအေးမောင်၏ နုတ်ထွက်စာအပေါ် ပြန်လည်သုံးသပ်ရန်အပါအဝင် အချက်လေးချက်ဆောင်ရွက်ရန် သဘောတူညီခဲ့ကြောင်း ဇန်နဝါရီ ၇ ရက်တွင် ညနေပိုင်း သတင်းစာရှင်းလင်းပွဲ၌ ထုတ်ပြန်ခဲ့သည်။ (7Day) (Eleven) (RFA) (7Day) (MMTimes)

ကရင်ပြည်နယ်၊ လှိုင်းဘွဲ့မြို့နယ် မဲ့သဝေါဒေသအတွင်း ဖြစ်ပွားခဲ့သည့်တိုက်ပွဲတွင် ကရင်အမျိုးသား လွတ်မြောက်ရေးတပ်မတော် (KNLA) တပ်ဖွဲ့ဝင်များနှင့် နယ်ခြားစောင့်တပ် (BGF)အဖွဲ့တို့ ပူးပေါင်းပြီး ဒီမိုကရေစီအကျိုးပြု ကရင်တပ်မတော် (DKBA-ခွဲထွက်အဖွဲ့)အား ထိုးစစ်ဆင်နေသည်ဟု ပြောဆိုမှုနှင့် ပတ်သတ်၍ KNLA၏ တွဲဘက် စစ်ရေးချုပ်ဖြစ်သူ ဗိုလ်မှူး ချုပ် မန်းရှာထုဝေါ်မှ ဇန်နဝါရီ၈ရက်နေ့တွင် **"ပူးပေါင်းတိုက်တယ်ဆိုတာ မဟုတ်ဘူး။ ကျွန်တော်တို့နယ်မြေထဲမှာ နစ်ဖက်စလုံး ကျွံ လာမှာစိုးလို့ ကိုယ့်လုံခြုံရေးကိုယ် ချထားတာ ဖြစ်တယ်။ ကျွံလာရင်လည်း လက်မခံဖို့ ကိုယ်ကတော့ တပ်ချထားရတာပေါ့၊ အဲဒါပါပဲ။ သတင်းတွေက အမျိုးမျိုးထွက်တာပေါ့"**ဟု ပြောခဲ့သည်။ (KIC) (Myanmar Time)

ဇန်နဝါရီလ ၈ရက်နေ့တွင် ပအိုဝ်းအမျိုးသားလွတ်မြောက်ရေးအဖွဲ့ (PNLO) ဦးဆောင် နာယက ဗိုလ်မှူးကြီး ခွန်ဥက္ကာမှ အစိုးရ၏ ဖွဲ့စည်းပုံအခြေခံ ဥပဒေ ပြင်ဆင်ရေး လုပ်ရှားမှုကြောင့် ပွတ်တိုက်မှု ကြီးမားနိုင်ကြောင်း ခန့်မှန်းပြောဆိုခဲ့သည်။ (7day)

ဇန်နဝါရီ ၁၀ရက်နေ့ နံနက်ပိုင်းတွင်အင်းစိန်မြို့နယ် ရန်ကုန်မြောက်ပိုင်းခရိုင် တရားရုံးမှရိုက်တာသတင်းဌာနမှ ဖမ်းဆီးခံထားရသည့် သတင်းထောက် ကိုဝလုံး (ခေါ်) ကိုသက်ဦးမောင်နှင့်ကိုကျော်စိုးဦး (ခေါ်) ကိုမိုးအောင် တို့ ၂ ယောက်ကိုတရားလို ဒုတိယရဲမှူးကြီး ဦးယုနိုင်မှ နိုင်ငံတော်လျှို့ဝှက်ချက် အက်ဥပဒေ ပုဒ်မ ၃ဖြင့်စွဲချက်တင်ခဲ့သည်။ ရိုက်တာ သတင်းသမားနှစ်ဦးကမူ သတင်းများ ရယူရာတွင် သတင်းမီဒီယာကျင့်ဝတ်နှင့် အညီ သတင်းရယူခဲ့ခြင်းသာ ဖြစ်သည်ဟု တရားရုံးထုတ်ရာတွင် ပြောဆိုခဲ့သည်။ ရုံးတင်စစ်ဆေးရာတွင် သတင်းသမားနှစ်ဦးအတွက် အာမခံလျှောက်ထားမှုကို လာမယ့် ၂၃ ရက်နေ့ ရုံးချိန်းမှ သိရမည်ဖြစ်ကြောင်း ဖမ်းဆီးခံထားရသူနှစ်ဦး၏ ရှေ့နေမြန်မာမီဒီယာရှေ့နေများကွန်ရက် အတွင်းရေးမှူး တရားလွှတ်တော်ရှေ့နေ ဦးသန်းဇော်အောင်မှ ပြောခဲ့သည်။ (RFA) (BBC) (Frontier) (Mizzima) (Irrawaddy) (7Day) (RFA) (RFA) (The Ladies) (VOA) (RFA) (Mizzima) (Mizzima)

ကရင်နီအမျိုးသားတိုးတက်ရေးပါတီ KNPP ရဲ့ ရဲဘော် ၃ ဦးနဲ့ အရပ်သား ၁ ဦး သေဆုံးမှုအပေါ် အမှုမှန်ပေါ်ပေါက်ဖို့ လွိုင်ကော်မြို့မှာ ဆန္ဒပြတောင်းဆိုရာတွင် ဦးဆောင်ပါဝင်ခဲ့သည့် လူငယ် ၅ ဦးကို လွိုင်ကော်မြို့နယ် တရားရုံးမှာ တတိယအကြိမ် ရုံးထုတ်စစ်ဆေးခဲ့သည်။ ရုံးထုတ်စစ်ဆေးမှုနှင့် ပက်သက်၍ ကယန်းမျိုးဆက်သစ်အဖွဲ့ခေါင်းဆောင်ခွန်အသန်းမှ **"တရားလိုပြသက်သေနောက်ထပ်နှစ် ယောက် ထပ်စစ်တယ်။ ပြီးတော့သူတို့ ကျွန်တော်တို့တရားစွဲခံထားရတဲ့ ကျောင်းသားလူငယ်တွေကိုစစ်တယ်။ သူတို့ကတော့ သူတို့ခံယူချက်အတိုင်းဘဲ သူတို့ကိုယ်တိုင်ဘဲလျှောက်လှဲကြတယ် တရားရုံးမှာ။ ရှေ့နေမငှါးထားဘူး။ အဲတာနဲ့ဘဲ (၁၂)ရက်နေ့မှာ ရုံးပြန်ချိန်းထားတယ်လို့ပြောပါတယ်။"** ဟုပြောခဲ့သည်။ (DVB) (VOA)(Mizzima) (7Day) hein
ကရင်နီအမျိုးသား တိုးတက်ရေးပါတီ KNPP တပ်ဖွဲ့ဝင် ၃ ဦးနဲ့ အရပ်သားတစ်ဦး အသတ်ခံရမှုနှင့် ပတ်သတ်ပြီးတရား မျှတမှု မဖော်ဆောင်နိုင်သည့်အတွက် ကယားပြည်နယ် လွှတ်တော် တိုင်စာ၊ ပစ်စာလေ့လာ ဆန်းစစ်ရေးအေရပ်ဘက် ကိုယ်စားလှယ် ၄ ဦး နုတ်ထွက်စာတင်ထားကြောင်း  ပြည်နယ်လွှတ်တော် တိုင်စာ၊ ပစ်စာလေ့လာဆန်းစစ်ရေးကော်မတီ အဖွဲ့ဝင် ခူးတူရယ်မှ ပြောသည်။ (RFA) (Mizzima) (Irrawaddy)

ခေါင်းဆောင်ပိုင်း ပြန်လည်ရွေးချယ်မည့် ပအိုဝ်းအမျိုးသား လွတ်မြောက်ရေးအဖွဲ့ချုပ် (PNLO) ညီလာခံကို ဇန်နဝါရီ ၁၁ ရက်တွင် စတင်ကျင်းပမည်ဟု PNLO ခေါင်းဆောင်များမှ ပြောဆိုခဲ့သည်။ (7Day)

ဇန်နဝါရီ ၁၂ ရက်နေ့တွင် မွန်ပြည်နယ် ပစ်ခတ်တိုက်ခတ်မှု ရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေး ကော်မတီ (JMC-S) အဖွဲ့ဝင်ဖြစ်သည့် ပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ဝင်းနိုင်ဦးမှ JMC-S ရဲ့ ဖွဲ့စည်းပုံတွင် မွန်ပြည်သစ်ပါတီ ကိုယ်စားလှယ်များ ပါဝင်နိုင်ရန်အတွက် ပြင်ဆင်နေကြောင်း ပြောခဲ့သည်။ (RFA)

ကရင်နီအမျိုးသားတိုးတက်ရေးပါတီ (KNPP) ရဲဘော်၃ဦးနှင့် အရပ်သား၁ဦးအသတ်ခံရမှုနှင့်ပတ်သက်၍ ဆန္ဒဖော်ထုတ်ခဲ့သူ၅ဦးအား လွိုင်ကော်မြို့နယ် တရားရုံးမှ ဇန်နဝါရီလ ၁၂ ရက်နေ့တွင် ထောင်ဒဏ် ရက်၂၀ ကျခံရန်ပြစ်ဒဏ်ချမှတ်ခဲ့သည်။ (Irrawaddy) (VOA) (DVB)

## နိုင်ငံတကာ ဆက်ဆံရေး

ဇန်နဝါရီ ၅ရက်နေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ ဧည့်ခန်းမဆောင်၌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် မြန်မာနိုင်ငံဆိုင်ရာ စင်ကာပူနိုင်ငံသံအမတ်ကြီး အဖြစ်ခန့်အပ် ခြင်းခံရသည့် Ms. Vanessa Chan Yuen Ying နှင့် တွေ့ဆုံခဲ့သည်။ တွေ့ဆုံရာတွင် မြန်မာနိုင်ငံ၏ လက်ရှိပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်တွင် ခိုင်ခိုင်မာမာ လျှောက်လှမ်းနေမှုနှင့် ပြည်တွင်းငြိမ်းချမ်းရေးရရှိရန်အတွက် တပ်မတော်မှဆောင်ရွက်နေမှုအခြေအနေများ၊ တပ်မတော်နှစ်ရပ်အကြား ချစ်ကြည်ရေးခရီးစဉ်များ အပြန်အလှန်လည်ပတ်မှု၊ တပ်မတော်သားသင်တန်းသားများ စင်ကာပူနိုင်ငံသို့ စေလွှတ်မှု အပါအဝင် မြန်မာ-စင်ကာပူ နှစ်နိုင်ငံ နှင့် တပ်မတော်နှစ်ရပ်အကြား ချစ်ကြည်ရင်းနှီးမှု ပိုမိုတိုးမြှင့်ဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များအား ဆွေးနွေးခဲ့သည်။ တွေ့ဆုံပွဲသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ကာကွယ်ရေး ဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယ ဗိုလ်ချုပ်ကြီး စိုးထွဋ်နှင့် တပ်မတော်အရာရှိကြီးများ တက်ရောက်ကြပြီး စင်ကာပူနိုင်ငံသံအမတ်ကြီးနှင့်အတူ သံရုံးဒုတိယ အကြီးအကဲ Mr. Koh Chee Chian တက်ရောက်ခဲ့သည်။ (Military) (Eleven) (MOI)

ဇန်နဂါရီလ ၅ ရက်နေ့တွင် နိုင်ငံခြားရေး ဝန်ကြီးဌာန၌ကျင်းပသည့် နိုင်ငံခြားရေးဝန်ကြီးဌာန၏ ၂၀၁၈ ခုနှစ်၊ နှစ်သစ်ကူး မိသားစုမိတ်ဆုံ ညစာစားပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားအတွင်း ဒေါ်အောင်ဆန်းစုကြည်မှ **"မြန်မာနိုင်ငံ၏ နိုင်ငံခြားရေးမူဝါဒအရ နိုင်ငံအားလုံးနှင့် အဆင်ပြေရေး အပေါ် အခြေခံကြောင်း၊ သို့ရာတွင် အားလုံးနှင့် မိတ်ဆွေအဖြစ် နေထိုင်ရေးဆိုသော်လည်း အနိုင်ကျင့်ခံမည်ဆိုသည့် အဓိပ္ပာယ် မဟုတ်ကြောင်း၊ အမှန်တရားဘက်မှ မားမားမတ်မတ် ရပ်တည်ရ မည်ဖြစ်ကြောင်း၊ အမှန်တရားအတွက် သိက္ခာရှိရှိ ရပ်တည်ရမည်ဖြစ် ကြောင်း၊ မိမိတို့နိုင်ငံ၏ သိက္ခာအား ထိပါးစော်ကားမှုမျိုးကို လက်ခံ၍ မဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် သိက္ခာရှိရှိ နေနိုင်ရန်အတွက် ပြည်သူများ အရည်အချင်းကို အားကိုးမည်ဖြစ်ကြောင်း၊ နိုင်ငံတကာနှင့် ဆက်ဆံရာတွင် ကိုယ့်နိုင်ငံရဲ့ သိက္ခာကိုလည်း မကျအောင်၊ မိတ်လည်း မပျက်အောင် ဆောင်ရွက်ရန်မှာ သံတမန်ကောင်းများ၏ အရည်အချင်း ဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် စိန်ခေါ်မှုများနှင့် ကြုံတွေ့နေရချိန်တွင် ယင်းအချက်မှာ မလွယ်ကူကြောင်း၊ သို့ရာတွင် သံတမန်များအနေဖြင့် သိက္ခာကိုထိန်းသိမ်း၊ မိတ်လည်းမပျက်၊ အပြီးလည်းမပျက်ဘဲ ကမ္ဘာ့ဇာတ်စင် အလယ်မှာ ရှန်းကန်ကြိုးစား သွားရမည်ဖြစ်ကြောင်း"** နှစ်သစ်ကူး နှုတ်ခွန်းဆက် စကားပြောကြားရာတွင် ထည့်သွင်း ပြောခဲ့သည်။ (The ladies)

ဇန်နဝါရီရက်နေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ဇေယျာသီရိဗိမာန်ရှေ့၌ မြန်မာနိုင်ငံ သို့ ချစ်ကြည်ရေးအလည်အပါတ်ရောက်ရှိနေသည့် စင်ကာပူတပ်မတော် ကာကွယ်ရေး ဦးစီးချုပ် Lieutenant General Perry Lim ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ကို တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မဂုဏ်ပြုတပ်ဖွဲ့ဖြင့် ကြိုဆိုပြီး၊ တွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်ခဲ့သည်။တွေ့ဆုံပွဲသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ဒုတိယ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ရေ၊လေ) ဗိုလ်ချုပ်ကြီး မြထွန်းဦး၊ ကာကွယ်ရေးဦးစီးချုပ် (ရေ) ဗိုလ်ချုပ်ကြီး တင်အောင်စန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီးမောင်မောင်ကျော် နှင့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ တပ်မတော်အရာရှိကြီးများ တက်ရောက်ကြပြီး စင်ကာပူတပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ စင်ကာပူတပ်မတော် စစ်ဘက် လေ့ကျင့်ရေးတက္ကသိုလ် ကျောင်းအုပ်ကြီး Brig. Gen. Chua Boon Keat နှင့်တပ်မတော် အရာရှိကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာစင်ကာပူနိုင်ငံစစ်သံမှူး Col. Edmund Tan တို့ တက်ရောက်ခဲ့သည်။ (Popular) (Military) (MOI)

ဇန်နဝါရီ၈ရက်နေ့  ညနေပိုင်းတွင် နေပြည်တော်ရှိ ဇေယျာသီရိဗိမာန် ဧည့်ခန်းမဆောင်၌တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ထိုင်းဘုရင့်တပ်မတော် ရေတပ်ဦးစီးချုပ် Admiral Naris Phatoomsuwan အား တွေ့ဆုံခဲ့သည်။ တွေ့ဆုံပွဲသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ကာကွယ်ရေးဦးစီးချုပ်(ရေ)ဗိုလ်ချုပ်ကြီး တင်အောင်စန်း၊ ကာကွယ်ရေးဦးစီး ချုပ်ရုံး(ကြည်း)မှ ဒုတိယ ဗိုလ်ချုပ်ကြီး စိုးထွဋ်နှင့် ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများတက်ရောက်ကြပြီး ထိုင်းဘုရင့်တပ်မတော်ရေတပ်ဦးစီးချုပ်နှင့်အတူ ထိုင်းဘုရင့် တပ်မတော်ရေတပ်မှ အရာရှိကြီးများနှင့် မြန်မာနိုင်ငံဆိုင်ရာထိုင်း ဘုရင့်ရေတပ်စစ်သံ မှူး Captain Puchong Praditteera တို့တက်ရောက်ခဲ့သည်။ (Military) (Military)

မြန်မာနိုင်ငံဆိုင်ရာ အီးယူဥရောပသမဂ္ဂသံအမတ်ကြီးမှ နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ဆီထံ ဖမ်းဆီး အရေးယူခံထားရသည့် ရိုက်တာ သတင်းဌာနမှ သတင်းထောက် ၂ ယောက်အား ပြန်လွှတ်ပေးရန် အတွက် သီးသန့်စာပေးပို့ခဲ့သည်။ ထို့ပြင်ရိုက်တာ သတင်းထောက် နှစ်ယောက်အား ချက်ချင်းလွှတ်ပေးရန် အမေရိကန် သမ္မတဟောင်း ဘေလ်ကလင်တန်က လူမှုကွန်ရက်စာမျက်နှာ တွစ်တာမှ တောင်းဆိုခဲ့သည်။ ရိုက်တာ၏ ဥက္ကဌလည်းဖြစ် အယ်ဒီတာချုပ်လည်းဖြစ်သည့် စတီဖင် ဂျေအက်ဒ်လာမှလည်း ရိုက်တာ သတင်းထောက်တွေကို အမြန်ဆုံး ပြန်လွှတ်ပေးရန် ကြေညာချက်ထုတ်ပြီး တောင်းဆိုခဲ့သည်။ (DVB) (VOA) (BBC) (RFA)

ဇန်နဝါရီလ ၉ ရက်နေ့ မနက်ပိုင်းတွင် မြန်မာနိုင်ငံဆိုင်ရာ ဗြိတိန်သံအမတ် အင်ဒရူးပက်ထရစ်မှ ပဋိပက္ခဖြစ်နေသည့် ကချင်ပြည်နယ်သို့ သွားရောက်ခဲ့ပြီး မြစ်ကြီးနားမြို့တွင် ရှိသည့် ကချင်လွတ်မြောက်ရေးအဖွဲ့ (KIO) ၏ နည်းစနစ်ပိုင်းဆိုင်ရာ အကြံပေးအဖွဲ့ရုံးမှ KIO နည်းစနစ်အကြံပေးအဖွဲ့ တာဝန်ရှိသူများနှင့် တွေ့ဆုံခဲ့သည်။ တွေ့ဆုံပွဲတွင် KIO မှ ငြိမ်းချမ်းရေးအတွက်ကူညီရန် တိုက်တွန်းခဲ့သည်ဟု KIO နည်းစနစ်အကြံ ပေးအဖွဲ့မှ ဦးဒေါင်ခါရိုးက ပြောခဲ့သည်။ (BBC)

ဇန်နဝါရီ ၁၀နေ့  နံနက် ၁၀ နာရီတွင်နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်၊ ဝန်ကြီး ဌာန ဇန်နဝါရီလ ၁၀ ရက်နေ့ နံနက် ၁၀ နာရီခန့်တွင် နိုင်ငံခြားရေးဝန်ကြီးဌာန၌နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်နှင့် ဖိလစ်ပိုင်သမ္မတနိုင်ငံ၏ (၁၄)ယောက်မြောက်သမ္မတ အဖြစ် တာဝန်ထမ်းဆောင်ခဲ့သူ၊ လက်ရှိလွှတ်တော် အမတ် Hon. Gloria Macapagal -Arroyo တွေ့ဆုံခဲ့သည်။ တွေ့ဆုံစဉ် မြန်မာနိုင်ငံနှင့် ဖိလစ်ပိုင်နိုင်ငံအကြား ကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှု တိုးမြှင့်ရေးကိစ္စရပ်များနှင့် ပညာရေးကဏ္ဍတွင် ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေးကိစ္စ ရပ်များအား ဆွေးနွေးခဲ့သည်။တွေ့ဆုံပွဲသို့ နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ခဲ့သည်။ထို့ပြင် နံနက်၁၁ နာရီတွင်မြန်မာနိုင်ငံဆိုင်ရာ စင်ကာပူ သမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ခြင်းခံရသည့် H.E. Ms. Vanessa Chan Yuen Yingမှ လာရောက်တွေ့ဆုံခဲ့သည်။ (SC Office) (MOI)

ဇန်နဝါရီ၁၀ရက်နေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဇေယျာသီရိဗိမာန်ဧည့်ခန်းမဆောင်၌ ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဂျပန်မြေပြင်ကိုယ်ပိုင်ကာကွယ်ရေးတပ်ဖွဲ့ စစ်ဦးစီးချုပ် Gen. Koji YAMAZAKI တို့ တွေ့ဆုံခဲ့သည်။တွေ့ဆုံပွဲသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေး ဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ရေ၊လေ) ဗိုလ်ချုပ်ကြီး မြထွန်းဦးနှင့် ကာကွယ်ရေး ဦးစီးချုပ်ရုံးမှ တပ်မတော် အရာရှိကြီးများ တက်ရောက်ခဲ့ပြီး ဂျပန် မြေပြင်ကိုယ်ပိုင် ကာကွယ်ရေးတပ်ဖွဲ့စစ်ဦးစီးချုပ်နှင့်အတူ ဂျပန်မြေပြင်ကိုယ်ပိုင်ကာကွယ်ရေးတပ်ဖွဲ့မှ အရာရှိကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာဂျပန်နိုင်ငံစစ်သံမှူး Col.Kei TAJIKA တို့တက် ရောက်ခဲ့သည်။ (MOI) (Military)

ဇန်နဝါရီ၁၀ရက်နေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ဘုရင့် နောင်ရိပ်သာ ဧည့်ခန်းမဆောင်၌တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် မြန်မာနိုင်ငံဆိုင်ရာ ဂျာမနီနိုင်ငံသံအမတ်ကြီး အဖြစ်ခန့်အပ်ခြင်းခံရသည့် H.E. Mrs. Dorothee Janetzke-Wenzel အား တွေ့ဆုံခဲ့သည်။ တွေ့ဆုံပွဲသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ကာကွယ်ရေး ဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ်နှင့် တပ်မတော်အရာရှိကြီးများ တက်ရောက်ခဲ့သည်။ (Military) (MOI)(Military)

ဇန်နဝါရီ ၁၀ရက်တွင် ဒုတိယသမ္မတ ကမ္ဘောဒီးယားနိုင်ငံ ဖနောင်ပင် မြို့၌ ကျင်းပခဲ့သည့် ဒုတိယ အကြိမ်မြောက် မဲခေါင်-လန်ချန်း ပူးပေါင်း ဆောင်ရွက်ရေး နိုင်ငံ့ခေါင်းဆောင်များ အစည်းအဝေးသို့ ဦးမြင့်ဆွေ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ တက်ရောက်ခဲ့သည်။ အဆိုပါပွဲ အစည်းအဝေးတွင် ဖနောင်ပင်ကြေညာ စာတမ်းကိုထုတ်ပြန်ပြီး မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု ၅နှစ်တာလုပ်ငန်းအစီအစဉ် (၂၀၁၈-၂၀၂၂)၊ မြန်မာ နိုင်ငံမှ စီမံကိန်း၁၀ခု အပါအဝင် မဲခေါင်-လန်ချန်း နိုင်ငံများအကြား ပူးပေါင်းအကောင် အထည်ဖော်မည့် စီမံကိန်း ၂၁၄ခု အတွက် အတည်ပြုချမှတ်ခဲ့သည်။ (MOI)

ဇန်နဝါရီလ ၁၁ ရက်နေ့ နံနက် ၉ နာရီတွင် ရန်ကုန်မြို့ရှိ Summit Park View Hotel၌မြန်မာ-တရုတ်-လာအို-ထိုင်းလေးနိုင်ငံ မဲခေါင်-လန်ချန်းမြစ်ကြောင်း ပူးပေါင်း ကင်းလှည့်ခြင်းအပေါ် ညှိနှိုင်းမှု အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေး ဖွင့်ပွဲအခမ်းအနားကို ကျင်းပရာ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဗိုလ်ချုပ် အောင်စိုး၊ အမှတ်(၂)လုံခြုံရေး ရဲကွပ်ကဲမှုအဖွဲ့မှူး၊ ရေကြောင်းရဲတပ်ဖွဲ့မှူး၊ ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူး၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံသံရုံးမှ ရဲဆက်ဆံရေး သံမှူးကြီး၊ ဖိတ်ကြားထားသော ဧည့်သည်တော်များနှင့် မြန်မာ၊ တရုတ်၊ လာအို၊ ထိုင်းနိုင်ငံတို့မှ ကိုယ်စားလှယ်များ စုစုပေါင်း ၅၀ တက်ရောက်ခဲ့သည်။ထို့နောက် အစည်းအဝေးကို ဆက်လက်ကျင်းပရာ မဲခေါင်မြစ်ကြောင်း တစ်လျှောက်သာမက မဲခေါင်ဒေသတွင်း လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေး အတွက် သတင်းအချက်အလက်ဖလှယ်မှုများ ပိုမိုမြှင့်တင် ပူးပေါင်းဆောင်ရွက်ရေး၊ မဲခေါင်မြစ်ကြောင်း ပူးပေါင်းဆောင်ရွက်ရေး အစီအစဉ်တွင် နယ်စပ် ဆက်ဆံရေးရုံးများ၏ အခန်းကဏ္ဍနှင့် ပူးပေါင်းဆောင်ရွက်မှုကိုလည်း မြှင့်တင် ဆောင်ရွက်ရေး၊ နှစ်နိုင်ငံနယ်စပ်ဒေသများတွင် ဖြစ်ပွားမှုအများဆုံးဖြစ်သည့် မူးယစ်ဆေးဝါး၊ လူကုန်ကူးမှု၊ လောင်းကစားမှုနှင့် တရားမဝင် ကုန်ပစ္စည်းများ သယ်ဆောင် ရောင်း/ ဝယ်မှုများ တားဆီးနှိမ်နင်းရေး လုပ်ငန်းများ ပိုမိုမြှင့်တင် ဆောင်ရွက်ရေး၊ နယ်စပ်ဒေသတွင် တာဝန်ထမ်းဆောင်နေသော ခရိုင်အဆင့်၊ မြို့နယ်အဆင့်များ အချင်းချင်း ပူးပေါင်းဆောင်ရွက်မှုနှင့် ချစ်ကြည်ရင်းနှီးမှု ယုံကြည်မှုများ ပိုမိုမြှင့်တင်နိုင်ရေးဆိုင်ရာကိစ္စရပ်များအား ဆွေးနွေးခဲ့သည်။ (MOI)

ဇန်နဝါရီလ ၁၂ ရက်နေ့တွင် တရုတ်ကာကွယ်ရေးဝန်ကြီး Chang Wanquan မှ"တရုတ်-မြန်မာ နှစ်နိုင်ငံ နယ်စပ်ဒေသတွေမှာ တည်ငြိမ်မှုကိုထိန်းသိမ်းနိုင်ရေး စစ်ဘက်ချင်း ပူးပေါင်းဆောင်ရွက်မှု အားကောင်း အောင် လုပ်ချင်တယ်" ဟု ပြောခဲ့ကြောင်း တရုတ် အစိုးရပိုင် ဆင်ဟွာသတင်း၌ ဖော်ပြခဲ့သည်။ (VOA)

ဇန်နဝါရီလ ၁၂ ရက်နေ့တွင် နေပြည်တော်ရှိပြည်ထောင်စုဝန်ကြီး၏ဧည့်ခန်းမ၌ နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် နှင့် ဂျပန်နိုင်ငံ၊နိုင်ငံခြားရေးဝန်ကြီးမစ္စတာတာရော့ခိုနိုတို့ တွေ့ဆုံဆွေးနွေးခဲ့သည်။ တွေ့ဆုံစဉ် မြန်မာနိုင်ငံ၌ ဒီမိုကရေစီ နိုင်ငံတည်ဆောက်နိုင်ရေး ကြိုးပမ်းမှုများ၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်၊ ရခိုင်ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးကိစ္စရပ်များအပေါ် ဂျပန်နိုင်ငံမှဆက်လက်အကူအညီပေးအပ်ရေး၊ နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေး၊လူသားချင်းစာနာ ထောက်ထားမှုဆိုင်ရာအကူအညီနှင့်မစ္စတာကိုဖီအာနန်အကြံပေး ကော်မရှင်၏ အကြံပြုချက်များဖြစ်သည့် ရေတိုနှင့် ရေရှည်ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းများတွင်ဂျပန်နိုင်ငံမှကူညီပံ့ပိုးရေးကိစ္စများကိုအလေးပေးဆွေးနွေးခဲ့ကြသည်ဟုနိုင်ငံခြားရေးဝန်ကြီးဌာနကထုတ်ပြန်ခဲ့သည်။ တွေ့ဆုံပွဲသို့အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စု ဝန်ကြီးဦးကျော်တင်၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများတက်ရောက်ခဲ့ကြသည်။ ဆွေးနွေးပွဲ အပြီးတွင် သတင်းစာရှင်းလင်းပွဲ ပြုလုပ်ခဲ့သည်။ ထို့နောက် ဂျပန်နိုင်ငံနိုင်ငံခြားရေးဝန်ကြီး မစ္စတာတာရော့ခိုနိ ဦးဆောင်သည့် ကိုယ်စားလှယ် အဖွဲ့သည် ညနေ၃နာရီခွဲတွင် ရန်ကုန်မြို့သီလဝါအထူးစီးပွားရေးဇုန်သို့သွားရောက်လေ့လာခဲ့သည်။(Mizzima) (StOffice) (MOI) (MOI) (MOI) (TheLadies)

ဇန်နဝါရီလ၁၂ရက်နေ့တွင် နေပြည်တော်ရှိဇေယျာသီရိဗိမာန် ဧည့်ခန်းမဆောင်၌ နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည့်နှင့်ဂျပန်နိုင်ငံ၊နိုင်ငံခြားရေးဝန်ကြီးမစ္စတာတာရော့ခိုနိုတို့ တွေ့ဆုံဆွေးနွေးခဲ့သည်။ (Military)